# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 June 2025 ၁၁၈၄၂


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် မြန်မာပြည်သူများကိုယ်စားသော်လည်းကောင်း၊ မိမိအနေဖြင့်သော်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လွန်ခဲ့သည့်(၇၅)နှစ်တာကာလအတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်မှုတို့ဖြင့် ထူးခြားသည့်သွင်ပြင်လက္ခဏာရှိခဲ့ပါသည်။ ယင်းသို့သော ချစ်ကြည်ရင်းနှီးမှုများမှာ နှစ်ဖက်အစိုးရများအဆက်ဆက်၏ ပြုစုပျိုးထောင်မှုဖြင့် တစ်ဆထက်တစ်ဆ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ထိ တိုးမြှင့်နိုင်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

### တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော် ခင်ဗျား

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် စိန်ခေါ်မှုများကြားမှပင် ပိုမိုရှင်သန်ခိုင်မာလာခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါး ဧက ၁၁ သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်

ရန်ကုန် ဇွန် ၇

၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်တွင် မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်အထိ မိုးစပါး ၆၅၆၂၇ ဧက စိုက်ပျိုးပြီးကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးဦးကာလစော၍ မိုးလေကောင်းမွန်မှုကြောင့် နွေစပါးရိတ်သိမ်းပြီးသော လယ်မြေများ၌ မြေယာပြုပြင်ခြင်းနှင့် မျိုးစေ့ချခြင်းတို့ကို စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



မိုးစပါးပျိုးခင်းတွင် မြေဩဇာကျွေးနေစဉ်။


ယနေ့ ဖတ်စရာ

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅) နှစ်ပြည့် အထိမ်းအမှတ် "အားပေးတွဲယူ ဖေးမကူ" ငလျင်ဘေးသင့်ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲ ကျင်းပ
စာမျက်နှာ » ၅

တက္ကသိုလ်နှင့် ဒေသအကျိုးပြု လက်တွေ့သုတေသန
ဆောင်းပါး စာမျက်နှာ » ၆

ကောင်းခြင်းပြည့်စုံ လနယုန်
ဆောင်းပါး စာမျက်နှာ » ၁၆

# အပြုသဘောဆောင် အကောင်းမြင်စိတ်ဖြင့် အလုပ်သမားများအကျိုးဆောင်ရွက်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် (၁၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကျင်းပနေစဉ်ကာလအတွင်း ဇွန်လ ၅ ရက်နေ့တွင်ပြုလုပ်သော မျက်နှာစုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်အား သက်ဆိုင်ရာနိုင်ငံမပါဘဲ တစ်ဖက်သတ် ချမှတ်ခဲ့သည်ကို ကြားသိကြရသဖြင့် မြန်မာနိုင်ငံအနေဖြင့် များစွာစိတ်ပျက်မိပါသည်။

အဆိုပါဆုံးဖြတ်ချက်မှာ ILO မျက်နှာစာမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရအပေါ် အကောင်းမမြင်သည့်နိုင်ငံများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖိအားပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်– ၈၇ နှင့် အဓမ္မစေခိုင်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ် – ၂၉ တို့ကို လိုက်နာမှုမရှိဟုအကြောင်းပြကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များကို မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်စေရန်အတွက် တစ်ဖက်သတ်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အနေဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ခြင်းသည် ILO ဖွဲ့စည်းပုံနှင့် ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာ အစည်းအဝေးများကို သက်ဆိုင်သည့်နိုင်ငံမပါဝင်ဘဲ တစ်ဖက်သတ်ဆောင်ရွက်ခြင်းဖြစ်၍ ILO ၏ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ ပါဝင်သည့် သဘောသဘာဝအခြေအနေများကို ထိခိုက်စေပါသည်။ အဆိုပါဆုံးဖြတ်ချက်သည် သမာသမတ်ကျ မျှတမှုမရှိဘဲ နိုင်ငံရေးဆိုင်ရာ ချဉ်းကပ်မှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လွဲမှားသည့် အကဲဖြတ်မှုဖြစ်သည်ကို တွေ့ရသည်။

ယင်းဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံအတွင်း လူမှုရေးနှင့် အလုပ်သမား အခြေအနေကို အမှန်တကယ်ထိခိုက်စေမည့်ဘက်သို့ တွန်းပို့မည့်အစီအမံများ ဆောင်ရွက်ရန် အဆိုပြုထားခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်သည်။ ILO မျက်နှာစာမှ နိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ချက်များသည် အခြေခံလူတန်းစား အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေပုံမှန်ရရှိမှုအပေါ် ခြိမ်းခြောက်မှုဖြစ်ပါသည်။ ထိုသို့ခြိမ်းခြောက်မှုကြောင့် အလုပ်သမားများ၏အခြေအနေ အသွင်ပြောင်းလဲလာနိုင်ခြင်းနှင့် ကောင်းကျိုးထက်ဆိုးကျိုးပိုစေမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)သို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှစတင်၍ ဝင်ရောက်ခဲ့ပါသည်။ ILO အဖွဲ့ဝင်အဖြစ် အခြေခံကွန်ဗင်းရှင်း လေးခုတွင် လက်မှတ်ရေးထိုးပြီး ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အကျိုးစီးပွားကို တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ILO အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုကာ မြန်မာနိုင်ငံရှိ အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်လာလျှင် တစ်ဖက်သတ်ဖိအားပေးမှုများကိုသာ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် အခြေခံလူတန်းစားများအပေါ် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ပိုမိုသက်ရောက်စေနိုင်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီး တစ်ခုလုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ကြီး ILO အပေါ် ယုံကြည်အားထားစိတ် လျော့ပါးစေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အလုပ်သမားအကျိုးအတွက် အပြုသဘောဆောင်သော အကြံပြုတိုက်တွန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့အသိပေးလျက်ရှိသည်။ သို့သော် နိုင်ငံရေးရည်ရွယ်ချက်နှင့် ဖိအားများကြောင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဆောင်ရွက်ချက်များကို အကောင်းမမြင်ဘဲ ဖိအားပေးလုပ်ဆောင်မှုများမှာ ဝမ်းနည်းစရာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအမှတ် – ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် – ၈၇ တို့ကို နိုင်ငံရှိ အလုပ်သမားနှင့် အလုပ်ရှင်များအကျိုးအတွက် မှန်မှန်ကန်ကန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အလုပ်သမားထုကြီး၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ တိုးတက်မှုရရှိရေး၊ လူမှုဘဝများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် ILO အဖွဲ့အပါအဝင် နိုင်ငံတကာအသိုက်အဝန်းများနှင့် ဆက်လက်ထိတွေ့လျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို မထိပါးသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ (၁၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အစည်းအဝေးတွင် ကွန်ဗင်းရှင်းအမှတ် – ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် – ၈၇ တို့ကို အသုံးချ၍ နိုင်ငံရေးအရဖိအားပေးသော အာတီကယ် ၃၃ ကျင့်သုံးသည့် ဆုံးဖြတ်ချက်အဆို ချမှတ်မှုကို မြန်မာနိုင်ငံအနေဖြင့် စိတ်ပျက်ရပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ ပါဝင်ပတ်သက်ခြင်းမရှိပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဇွန် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ(စတုတ္ထနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၆၂၅၇၂ ပါး/ ဦးအနက် ၄၆၀၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၅၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ကျုံပျော်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ကျုံပျော် ဇွန် ၇**

၂၀၂၄ ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင် သံဃာ၊ သီလရှင်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မြတ်ချမ်းသာ ဘုရားတန်ဆောင်းအတွင်း၌ ဇွန် ၇ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။



အခမ်းအနားတွင် ပါဠိပထမပြန် စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ပထမလတ်တန်းတစ်ပါး၊ ပထမငယ်တန်း နှစ်ပါးနှင့် အခြေပြုမူလတန်း ၁၇ ပါး တို့ထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက စာအောင်ဆုများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ဖြေဆို

**ပေါင် ဇွန် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပါဠိပထမပြန် စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပေါင်မြို့နယ် ကဒါရပ်ကွက် သာသနာ့ ဗိမာန်တော်ကြီးအတွင်း၌ စတုတ္ထနေ့ ဆက်လက်ဖြေဆိုလျက်ရှိသည်။



အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က စာဖြေသံဃာတော်များအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။

စတုတ္ထနေ့ဖြေဆိုသည့် ပါဠိပထမပြန်စာမေးပွဲသို့ စာဖြေသံဃာ အပါး ၂၂၀၊ သီလရှင် ၁၀ ပါး စုစုပေါင်း အပါး ၂၃၀ ကို ကြီးကြပ်ဆရာတော် ၁၇ ပါးတို့ဖြင့် ခုနစ်ရက်ကြာ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် ဇွန် ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန် စာမူဆု၊ ဝတ္ထုရှည် ပထမဆုရ "ညိမ်းညို" ရေးသားသည့် **"စာမျက်နှာတချို့"** စာအုပ်ကို ၂၀၂၅ခုနှစ် ဇွန်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၇ - ၆ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀** ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | – ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ

၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်က မိမိတို့နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးစဉ်အတွင်း သာတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ်အခြေခံသော အေးအတူပူအမျှ တူညီသောအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် မြန်မာ-တရုတ်အသိုက်အဝန်းကို ထူထောင်ရန် သဘောတူညီခဲ့ကြပါသည်။

နှစ်နိုင်ငံအကြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်များပြားလျက်ရှိပြီး အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများကို နှစ်နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် အကောင်အထည်ဖော်လျက်ရှိမှုက များစွာကျေနပ်အားရဖွယ်ဖြစ်ပါသည်။

မကြာသေးမီက မိမိတို့ မော်စကိုမြို့၌တွေ့ဆုံစဉ် အထူးသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးအတွက် တူညီသည့် ဘုံသန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့မှုကို ဝမ်းမြောက်စွာအမှတ်ရမိပါသည်။

မိမိအနေဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကူမင်းမြို့၌ ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းက စွမ်းအင်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးအစရှိသည့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထိပ်သီးအစည်းအဝေးကာလအတွင်း ဒေသနှင့် ကမ္ဘာတစ်ဝန်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများကို အတူတကွပူးပေါင်းတိုက်ဖျက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြပါသည်။

အခွင့်အခါကြုံခိုက် မကြာသေးမီက မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုအပြီး လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်ပြည်သူများကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယင်းသို့ကူညီရိုင်းပင်းမှုများက ဘေးဒုက္ခကြုံတွေ့ရချိန်တွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စာနာနားလည်မှုတို့ကို ပြသလျက်ရှိခြင်းပင်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်ကျန်းမာသုခပြည့်စုံ၍ တရုတ်နိုင်ငံမှ ပြည်သူများအနေဖြင့် ဆက်လက်၍ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**မစ္စတာရှီကျင့်ဖျင်**
**သမ္မတ**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပေကျင်းမြို့**

☆ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတမှ

နှစ်နိုင်ငံလုံးမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့် ဘန်ဒေါင်းစိတ်ဓာတ်တို့ကို လိုက်နာကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းကောင်း မိတ်ဖက်ဆက်ဆံရေးကို စိတ်ဓာတ်ဖြင့် နှစ်ဖက်အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလျက် မိမိတို့နှစ်နိုင်ငံအတွက် အဓိကအရေးပါသည့် အကျိုးစီးပွားနှင့် ဘုံအရေးပါသည့်ကိစ္စရပ်များတွင် နှစ်ဖက်အကြား အပြန်အလှန် ခိုင်မာစွာ ထောက်ခံရပ်တည်ပေးလျက်ရှိခြင်းတို့သည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၏ ကောင်းမွန်သည့် သာဓကအဖြစ်ရှိနေပါသည်။

ပြီးခဲ့သည့် မေလက အဆွေတော်နှင့် ရုရှားနိုင်ငံ၌ တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းမြှင့်တင်ထူထောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည့် သဘောတူညီချက်များရရှိခဲ့ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက်အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့်အကျိုးစီးပွားများကို အတူတကွ ဆောင်ကြဉ်းရန်အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး ကျန်းမာရွှင်လန်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရှီကျင့်ဖျင်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်း ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

**အဆွေတော်ခင်ဗျား**

၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် ကျရောက်သော မိမိတို့နှစ်နိုင်ငံရဲ့ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် မိမိအနေဖြင့် အဆွေတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၅၀ ခုနှစ်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ တဖြည်းဖြည်း ပိုမိုနက်ရှိုင်းလာခဲ့ပြီး ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုမှသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ခဲ့ကြပြီး အေးအတူပူအမျှအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံအသိုက်အဝန်းထူထောင်ရေးတူညီသည့် ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၏ အဓိကအရင်းအမြစ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးသည့် အခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှာလည်း နှစ်နိုင်ငံပြည်သူများအကြား ကဏ္ဍစုံကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်တိုးပွားလျက်ရှိပါသည်။ ညီအစ်မမြို့တော်များနှင့် ချစ်ကြည်ရေးမြို့တော် မိတ်ဖက်ထူထောင်မှုအရေအတွက်များပြားလာခြင်းကလည်း မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာလျက်ရှိသည်ကို ထင်ဟပ်ပြသလျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးကာလအတွင်း အဆွေတော်နှင့်တွေ့ဆုံစဉ် စွမ်းအင်၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းသစ်များနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ အထူးသဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးအပေါ် ခြိမ်းခြောက်လျက်ရှိသော အွန်လိုင်းလိမ်လည်မှုများကို အတူတကွတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို မြှင့်တင်ရန် တူညီသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့မှုအတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။

အခွင့်ကြုံခိုက် မကြာသေးမီကလှုပ်ခတ်ခဲ့သော မန္တလေးငလျင်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးမှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအား အထူးကျေးဇူးတင်ရှိပါသည်။ ယင်းသို့ စာနာထောက်ထားမှုဖြင့် ကူညီဖေးမမှုများက နှစ်ကာလရှည်ကြာစွာရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး၏ ကျောရိုးဖြစ်သည့် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု စိတ်ရင်းအမှန်ကို ထင်ဟပ်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တရုတ်နိုင်ငံက အခိုင်အမာပံ့ပိုးပေးလျက်ရှိသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါသည်။

ရှေ့ဆက်၍လည်း မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာ၍ အပြန်အလှန်အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်များပြားလာကာ မိမိတို့၏နှစ်နိုင်ငံ၏ မျိုးဆက်သစ်များအတွက် တူညီသည့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အားအစဉ်အလေးထားလျက်ရှိပါကြောင်းဖော်ပြအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**အဆွေတော် မစ္စတာလီချန်း**
**ဝန်ကြီးချုပ်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပေကျင်းမြို့**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်း ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော်ခင်ဗျား**

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် တောတောင်ရေမြေများ ဆက်စပ်လျက်ရှိပြီး ရှေးပဝေသဏီကတည်းကပင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး သမိုင်းကြောင်းရှိခဲ့ပါသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံ အတူတကွ ကြိုးပမ်းအားထုတ်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်ဖလှယ်မှုများတွင် တိုးတက်အောင်မြင်မှု အများအပြားရရှိခဲ့ပါသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက် အခါသမယတွင် တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရေး၊ မြန်မာ-တရုတ် အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်မှုပိုမိုနက်ရှိုင်းစေရေးနှင့် အစွန့်ရှည်ကြာရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းရေးတို့အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြောချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လီချန်း**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်**

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား ပထဝီဝင်အနေအထားအရ နီးကပ်မှု၊ အပြန်အလှန်လေးစားမှုတို့အပြင် နှစ်နိုင်ငံပြည်သူများအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးတို့ဖြင့် အခွန့်ရှည်ကြာသည့် ချစ်ကြည်ရင်းနှီးသောအိမ်နီးချင်းဆက်ဆံရေးကို မျှဝေပိုင်ဆိုင်ထားကြပါသည်။ နှစ်ပေါင်းများစွာအတွင်းအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ သိသာထင်ရှားစွာများပြားလာမှုနှင့် အတူ နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်နှင့် ယင်းနောက် အေးအတူပူအမျှ အနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံ အသိုက်အဝန်းထူထောင်ရေး တူညီသည့်ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြခြင်းအတွက် ကျေနပ်အားရမိပါသည်။

မိမိတို့၏ တူညီသောဘုံရည်မှန်းချက်နှင့် စဉ်ဆက်မပြတ်ပူးပေါင်းကြိုးပမ်းမှုတို့သည် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နှစ်နိုင်ငံနှင့်ပြည်သူများအကြား မြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ နောင်လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မန္တလေးငလျင်အတွက် အချိန်နှင့်တစ်ပြေးညီ စေတနာသဒ္ဓါတရားထက်သန်စွာပေးအပ်ခဲ့သည့် လူသားချင်းစာနာမှုအကူအညီများအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံနှင့်ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးတွင်သာမက ဒေသတွင်းနှင့် နိုင်ငံတကာမူဘောင်များအောက်မှလည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆက်လက်၍ အဆွေတော်နှင့် အနီးကပ်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**သန်းဆွေ**

**မစ္စတာဝမ်ယိ**
**တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်**
**နိုင်ငံခြားရေးဝန်ကြီး**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပေကျင်းမြို့**

## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

**ဦးသန်းဆွေ**
**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော် ခင်ဗျား**

တရုတ်-မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်အထိမ်းအမှတ် အခါသမယတွင် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း နိုင်ငံတကာအခင်းအကျင်း၌ အပြောင်းအလဲများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံ နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ပိုမိုချဲ့ထွင်ဆောင်ရွက်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုကို အရှိန်အဟုန်မပျက် မြှင့်တင်ရန်အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြော၍ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝမ်ယိ**
**တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊**
**နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်**
**နိုင်ငံခြားရေးဝန်ကြီး**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ် ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် အခြေခံပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ် ထောက်ပံ့ပေးအပ်






**နေပြည်တော် ဇွန် ၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာမူလတန်းမှ အထက်တန်းအဆင့်ကျောင်းများသို့တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူများ၏ မိဘဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်က တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့် ကျောင်းများသို့ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသား သမီးများကို ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းဖြင့် ၎င်းတို့ ပညာသင်ကြားရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းဖြစ်စေရေးအတွက် နှစ်စဉ်အလေးထားကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏ အနာဂတ်တောက်ပနိုင်စေရေး အတွက် အသိပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး ကြိုးစားသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အသိပညာ၊ ဗဟုသုတနှင့် အတွေးအခေါ်ကောင်းများရရှိစေရန် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသ အစုံ စာပေများကို ဖတ်ရှုလေ့လာပြီး ပညာနှင့်အတွေးအခေါ်ကောင်းများပေါင်းစပ်၍ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိတို့သား သမီးများကို ကောင်းမွန်တည့်မတ် မှန်ကန်သည့် စိတ်ဓာတ်များဖြင့် အကျင့်စာရိတ္တ ကောင်းမွန်ဖြင့်မားသော ပညာတတ်များ ဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၅၀၄ ဦးတို့အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပုဗ္ဗသီရိမြို့နယ်၌ MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိဈေး၌ ကျင်းပသည်။ ဦးစွာ ဈေးရောင်းပွဲတော်မုခ်ဦးအား နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦး၊ ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်း အလှခတ် ဖျော်ဖြေနေမှုနှင့် MSME ဒေသထွက်ကုန် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသထွက်ကုန်များ ရောင်းချပေးခြင်းအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများစသည့် ပျော်ရွှင်ဖွယ်အစီအစဉ်မျိုးစုံဖြင့် ဇွန် ၄ ရက်မှ ၁၃ ရက် အထိကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

# မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅) နှစ်ပြည့်အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့်ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့် ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)ရှိ Auditorium ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ်မှ ငလျင်ဘေးသင့်ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ MRTV နှင့် China Media Group (CMG) တို့မှ အဆိုရှင်များ၊ တေးသံရှင် ရဲထိုက်နှင့် ကျောင်းသား ကျောင်းသူများက “လက်တွဲတိုက်ဖျက် မျှော်လင့်လျက်” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး “အင်အားပြင်းထန်မြေငလျင်ဒဏ်ကို ရင်ဆိုင်ကျော်လွှားပြီး ပိုမိုကောင်းမွန်သော အနာဂတ်နေ့ရက်များသို့ လျှောက်လှမ်းမည့် ‘မြန်မာ’” မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် သေဆုံးသွားသူများ အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် ငလျင်လှုပ်ခတ်ပြီး မြန်မာနိုင်ငံသို့ ပထမဆုံးနှင့် အစောဆုံးရောက်ရှိလာပါကြောင်း၊ အဆိုပါအဖွဲ့များ၏ ကြိုးပမ်း ဆောင်ရွက်မှုကြောင့် အသက်ရှင်လျက် လေးဦးနှင့် သေဆုံးသူ ၆၄ ဦးကို သက်ဆိုင်ရာ မိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့ပါကြောင်း၊ တရုတ်ဆေးဘက်ဆိုင်ရာအဖွဲ့များအနေဖြင့် ဆေးဝါးနှင့် ပစ္စည်းကိရိယာများ အစုံအလင်သယ်ဆောင်လာပြီး ငလျင်ဘေးသင့်မှုများပြားသည့် မန္တလေးမြို့၌ Mobile Clinic တည်ဆောက်ကာ ဒဏ်ရာရသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိုသို့ ငလျင်ဘေးသင့် ဒေသများတွင် ဆေးဝါးကုသပေးမှုများအပြင် ပြင်းထန်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများ၊ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုများကိုလည်း စေတနာထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးထူထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဇွန် ၁ ရက်က နေပြည်တော် Park Royal Hotel ၌ နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲများ စီစဉ်ကျင်းပခဲ့ပါကြောင်း။

ဇွန် ၈ ရက်တွင် မြန်မာ–တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါ စိန်ရတုအထိမ်းအမှတ် အခမ်းအနားကိုလည်း အနှစ်သာရရှိစွာ၊ ထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ–တရုတ်နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်း ရှည်လျားသည့် ချစ်ကြည်ရင်းနှီးမှုကို အခိုင်အမာတည်ဆောက်ထားပြီးဖြစ်၍ အနာဂတ်ကာလများတွင်လည်း နှစ်ဖက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် တူညီသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှုများ ဆက်တိုက်ဖြစ်ပေါ်ခံစားကြရမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းတောင်းသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ နိုင်ငံသူနိုင်ငံသားများလည်း ကျန်းမာရွှင်လန်းပြီး ထာဝရငြိမ်းချမ်းသာယာကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်သံအမတ်ကြီးက မြန်မာနိုင်ငံတွင် မြေငလျင် လှုပ်ခတ်ပြီးနောက် တရုတ်အစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးကူညီသောလက်တစ်စုံကို ကမ်းလှမ်းပေးခဲ့ပါကြောင်း၊ တရုတ်နိုင်ငံမှ အစိုးရကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့နှင့် အရပ်ဘက် ကယ်ဆယ်ရေးအဖွဲ့ ၃၀ နီးပါးမှ စုစုပေါင်းအဖွဲ့ဝင် ၆၀၀ ကျော်သည် နေ့မအား၊ ညမနားလာရောက် ကူညီခဲ့ကြပါကြောင်း၊ ယွမ် ၁ ဒသမ ၁ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၅၃ သန်း) တန်ဖိုးရှိသည့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အချိန်တိုအတွင်း အရောက်ပို့ဆောင်ပေးခဲ့ပြီး မြန်မာ–တရုတ် “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေး သံယောဇဉ်နှင့် အေးအတူပူအမျှ အသိုက်အဝန်း စိတ်ဓာတ်ကို လက်တွေ့ လှုပ်ရှားမှုများဖြင့် ဖော်ပြခဲ့ပါကြောင်း၊ မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှုကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်မြောက်ခြင်းကို သမိုင်း၏ စမှတ်အဖြစ်ခံယူပြီး ရှေ့သို့လျှောက်လှမ်းကြပါစို့ဟု ပြောကြားသည်။

ထို့နောက် တရုတ်နိုင်ငံ CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့် ရုပ်သံမှတ်တမ်းဆိုင်ရာ Promo ကို ပြသပြီး ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းထံ တရုတ်သံအမတ်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသရန် CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့် မှတ်တမ်းဓာတ်လမ်းတိုများကို ပေးအပ်သည်။

ယင်းနောက် တရုတ်သံအမတ်ကြီး၊ တရုတ်နိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး မစ္စ လင်ရွှမ်နှင့် CMG မှ မစ္စ မို့လျှောင်ရှင်း တို့က တပ်ကုန်းမြို့နယ်မှ ငလျင်ဘေးသင့်မှုကြောင့် နေအိမ် အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၁ စုနှင့် ပညာရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၁၁၀ တို့အတွက် ထောက်ပံ့ ပစ္စည်းများအား ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ဆက်လက်၍ MRTV နှင့် CMG တို့မှ အဆိုရှင်များနှင့် တေးသံရှင် ရဲထိုက်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာကြသည့် ပရိသတ်များအား မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မေးခွန်းများ မေးမြန်းခြင်းနှင့် အမှတ်တရ လက်ဆောင်ပေးအပ်ခြင်း အစီအစဉ်ကို ဆောင်ရွက်ကာ တေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တရုတ်သံအမတ်ကြီးတို့က တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဆိုရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးများသည် တက်ရောက်လာကြသူများနှင့်အတူ MRTV ရှိ သတင်းခန်းများ၊ ရေဒီယိုနှင့် ရုပ်သံ အစီအစဉ်များ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ စတူဒီယိုများ၊ Virtual Studio ၌ တရုတ်တေးသီချင်းများနှင့် ယူနန်ပြည်နယ်တွင် သွားရောက်ရိုက်ကူးခဲ့သည့် ကော်ဖီအစီအစဉ် အတွက် အဖွင့်ရိုက်ကူးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူး ထုတ်လုပ်ထားသည့် “စူးစမ်းရှာဖွေ နည်းပညာအမွေ” သိပ္ပံနည်းပညာ ဗီဒီယိုမှတ်တမ်းနှင့် “သစ်ပင်ပေါ်ကအိမ်ငယ်လေး” လူငယ်ရုပ်ရှင် ဇာတ်ကားများကို ပြသခဲ့ရာ တပ်ကုန်းမြို့နယ်ရှိ ငလျင်ဘေးသင့် ပြည်သူများက စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။ ယနေ့ အခမ်းအနားကိုပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် China Media Group (CMG) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ–တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅) နှစ်ပြည့်အထိမ်းအမှတ် “အားပေးတွဲယူ ဖေးမကူ” ငလျင်ဘေးသင့် ပြည်သူများအတွက် နှစ်သိမ့်အားပေးပွဲတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ တရုတ်သံအမတ်ကြီး မစ္စ မာကျားက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသရန် CMG မှ မြန်မာဘာသာဖြင့် ရိုက်ကူးထားသော ရုပ်ရှင်နှင့် မှတ်တမ်း ဇာတ်လမ်းတိုများကို ပေးအပ်စဉ်။



MRTV နှင့် China Media Group (CMG) တို့မှ အဆိုရှင်များ၊ တေးသံရှင် ရဲထိုက်နှင့် ကျောင်းသား ကျောင်းသူများက “လက်တွဲတိုက်ဖျက် မျှော်လင့်လျက်” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

# တက္ကသိုလ်နှင့် ဒေသအကျိုးပြု လက်တွေ့သုတေသန

ဒေါက်တာသန့်စင်(ရူပဗေဒ)

ကျွန်တော်သည် ၁၉၇၃ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို သင်္ချာ၊ ရူပဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ယခု မန္တလေးတက္ကသိုလ်) တွင် ရူပဗေဒဘာသာ အဓိက ဖြင့် တက်ရောက်ခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် ရူပဗေဒဘာသာတွဲကို ငါးဘာသာဂုဏ်ထူး အထူးအောင်ဖြင့် အောင်မြင်ခဲ့ပြီး မဟာသိပ္ပံဘွဲ့ ကိုလည်းကောင်း၊ ပါရဂူဘွဲ့ကိုလည်းကောင်း မန္တလေးတက္ကသိုလ်မှ ရရှိခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် မဟာသိပ္ပံဘွဲ့ရရှိပြီး တက္ကသိုလ်ဆရာအဖြစ် စစ်တက္ကသိုလ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ကာ မုံရွာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ် စသည်တို့တွင် ပါမောက္ခတာဝန်အထိ ထမ်းဆောင် ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ပညာရေးသုတေသနဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။ ဝန်ထမ်းသက် ၃၇ နှစ် ကြာမြင့်ခဲ့ပါသည်။ တက္ကသိုလ်ဆရာဘဝတွင် သုတေသနလုပ်ငန်းများကို စိတ်ပါဝင်စား၍ ကိုယ်တိုင်ဦးဆောင်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်ပူးပေါင်းကာ **“နေရောင်ခြည်စွမ်းအင်အသုံးချ သုတေသန ”** ကို အဓိကထားဆောင်ရွက် ခဲ့ပါသည်။

**အပိုင်းလိုက် သုတေသနပြုအဖြေရှာ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြား**

၁ – ၆ – ၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာရှေ့ဖုံး တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ရန်ကုန် အနောက်ပိုင်းနည်းပညာတက္ကသိုလ်အနေဖြင့် လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးနှင့်ပတ်သက်၍ လမ်းသုတေသနပြု ဆောင်ရွက်သွားရန်လိုအပ်ပြီး မြို့ပြအင်ဂျင်နီယာဘွဲ့တန်း တက်ရောက် နေသော နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကို အဖွဲ့များ ခွဲ၍အပိုင်းလိုက်သုတေသနပြုအဖြေရှာဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသွားခဲ့သည်ကို ဖတ်ရှုခဲ့ရပါသည်။

လှိုင်သာယာမြို့နယ်သည် စက်မှုဇုန်များတွင် စက်ရုံ၊ အလုပ်ရုံ များစွာရှိပြီး အလုပ်သမားအများစုသည် လှိုင်သာယာမြို့နယ်မှာပင် နေထိုင်ကြကာ အများစုမှာ အဆောင်များ၊ အိမ်များတွင် နေထိုင် ကြပါသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးသို့သွားလာရာတွင် အဓိက ကျသော ရန်ကုန်–ပုသိမ်ကားလမ်းမကြီး ဖြတ်သန်းရာ မြို့နယ်ဖြစ်ပါ သည်။ လူဦးရေထူထပ်ပြီး စာသင်ကျောင်း၊ ဆေးရုံ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ဈေးများ၊ ပန်းခြံများ စသည်ဖြင့် အခြေခံ အဆောက်အအုံများဖြင့် စည်ကားတိုးတက်နေသော မြို့နယ်ဖြစ်ပါ သည်။ လှိုင်သာယာမြို့နယ်၏ အဓိကအားနည်းချက်မှာ လမ်းများ/ ရပ်ကွက်များရှိ ရေစီးရေလာကောင်းသည့် မြောင်းများ၊ ရေထွက်ပေါက် များတွင် စွန့်ပစ်အမှိုက်များ၊ ရွှံ့များ၊ နုန်းများကြောင့် မိုးရာသီတွင် ရေလျှံမှုဖြစ်ကာ လမ်းများတွင် ရေတင်ကျန်မှုကြောင့် သွားလာရ ခက်ခဲခြင်းဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကြောင့် လှိုင်သာယာ မြို့နယ်မှာ ယခင်ကနှင့်မတူဘဲ သန့်ရှင်းသာယာတိုးတက်နေပြီဖြစ်ပါ သည် ။ လှိုင်သာယာမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ထားသော တက္ကသိုလ်များရှိပါ သည်။ တက္ကသိုလ်ဆိုသည်မှာ ပညာရေးတွင် အဆင့်မြင့်ဆုံးကျောင်းများ ဖြစ်ပါသည်။ တက္ကသိုလ်သည် သုတေသနနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားရေးကို အဓိကထားပါသည်။ တက္ကသိုလ်၏အသက်သည် သုတေသနဖြစ်ပါသည်။

**“နေရောင်ခြည်စွမ်းအင်အသုံးချ သုတေသန”လုပ်ငန်းကို စတင်လုပ်ဆောင်**

ကျွန်တော်သည် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်က လျှပ်စစ်မီးများ မကြာခဏ ပျက်သဖြင့် လှိုင်သာယာစက်မှုဇုန်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး ရှိ စက်မှုဇုန်များမှာ လမ်းမီးပင်အချိန်ပြည့်မရရှိပါ။ ထိုအချိန်တွင် ကျွန်တော်အပါအဝင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာ ဆရာမများ၊ မဟာသိပ္ပံနှင့် ရူပဗေဒဘွဲ့ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများပူးပေါင်းကာ **“နေရောင်ခြည်စွမ်းအင်အသုံးချ သုတေသန”** လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ပါမောက္ခ ဒေါက်တာ ခင်မောင်ထွန်းက ဦးဆောင်ခဲ့ပါသည်။




နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖို (Solar Cooker)၊ နေရောင် ခြည်စွမ်းအင်သုံး သီးနှံအခြောက်ခံရုံ ( Solar Dryer House )၊ နေရောင် ခြည်စွမ်းအင်သုံး ရေငန်မှ ရေချိုချက်သည့်ကိရိယာ (Solar Still Water)၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ပေးခြင်းကို ဝပ် ၄၀ ဆိုလာပြားများ ဖြင့်လည်းကောင်း၊ ဆိုလာမီးအိမ်များကို ဝပ် ၂၀ ဆိုလာပြားငယ်နှင့် LED မီးလုံးများဖြင့်လည်းကောင်း ပြုလုပ်ကာ ပတ်ဝန်းကျင်ကျေးရွာ များသို့ ရောင်းချပေးခဲ့ပါသည်။ ပညာရေးဝန်ကြီးကိုယ်တိုင် လာရောက် ကြည့်ရှုပြီး လိုအပ်သည့်ပစ္စည်း၊ သုတေသနရန်ပုံငွေများ ထုတ်ပေး ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆိုလာမီးအိမ်များကို ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့အတွင်းရှိ ကျေးရွာများသို့ ရောင်းချနိုင်ရန် စီစဉ်ပေးပါသည်။ ကျွန်တော်အပါအဝင် ဆရာမတစ်ဦး ကို နိုင်ငံခြားသို့စေလွှတ်၍ နေရောင်ခြည်စွမ်းအင်သုတေသနသင်တန်း များ တက်ခိုင်းကာ အားပေးခဲ့ပါသည်။ နောက်ဆုံးတွင် နေရောင်ခြည် စွမ်းအင် လမ်းကြောင်းရှာကိရိယာ(Solar Light Tracker) ကို တည်ဆောက်ခဲ့ပြီး နိုင်ငံခြားသို့သွားကာ စာတမ်းဖတ်ကြားခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်းကာ စက်မှုဇုန်များသို့ လမ်းမီးတိုင်များ သွားရောက်တပ်ဆင်ပေးခဲ့ပါသည်။

ထိုအချိန်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွဲ့စည်း သည့် ရန်ကုန်တိုင်း ပြန်ပြည့်မြဲစွမ်းအင်ကော်မတီတွင် အဖွဲ့အတွင်းရေး မှူးအဖြစ်ပါဝင်ပြီး

**စာမျက်နှာ ၇ သို့**

**“လက်တွေ့သုတေသနများပြုလုပ်ရာတွင် ပထမအချက်မှာ လုပ်ချင်သောဆန္ဒရှိရမည်ဖြစ်ပါသည်။ ထို့ပြင် သုတေသနနှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များကို ရှာဖွေစုဆောင်းနိုင်ရမည်ဖြစ်ပါ သည်။ သုတေသနအတွက် ပံ့ပိုးပေးနိုင်မည့် အဓိကလိုအပ်သည့် ငွေကြေးပေးနိုင်မည့် အဖွဲ့အစည်းများကို ချဉ်းကပ်ရှာဖွေကာ ကိုယ်လုပ်ဆောင်မည့် သုတေသနသည် မည်သည့်အကျိုးကျေးဇူးများ ရနိုင်ကြောင်း ပြောပြပြီး စည်းရုံးအကူအညီတောင်းရပါမည်။ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ် အဆင့်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ကာ ဆောင်ရွက်နိုင်ပါသည်။ မိမိတို့ဆောင်ရွက်မည့် သုတေသန သည် သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် လက်တွေ့သုတေသနပြုနိုင်ပါက ပိုမို အကျိုးရှိနိုင်”**






# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၇

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်မှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ၉-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/၉လ

❖







၉-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ







❖ ရန်ကုန်မှ

တစ်ဆက်တည်းဆောင်ရွက်ပြီး မေလကုန်ပိုင်းတွင် မိုးစပါး ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကာ လျာထားဆောင်ရွက်လျက်ရှိသည့် ကျန်ဧက ၁၀ သိန်းကျော်ကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

“တိုင်းဒေသကြီးအတွင်းမှာ စပါးမျိုးအုပ်စု သုံးစုဖြစ်တဲ့ အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနဲ့ ဒေသမျိုးဆိုပြီး စိုက်ပျိုးပါတယ်။ အထွက်ကောင်းမျိုးဆိုရင် ၁၈ မျိုး၊ အရည်အသွေးကောင်းမျိုးဆိုရင် လေးမျိုးနဲ့ဒေသမျိုးဆိုရင် ငါးမျိုးတို့ကို တစ်နှစ်ပတ်လုံးစိုက်ပျိုးပါတယ်။ အဲဒီမျိုးတွေထဲမှာမှ လက်ရှိမိုးစပါးအနေနဲ့ အထွက်ကောင်းမျိုး လေးမျိုးကို စိုက်ပျိုးထားပြီးပါပြီ။ ကျန်တဲ့ မျိုးစပါးတွေကိုလည်း ဆက်စိုက်သွားမှာပါ။ တောင်သူတွေစပါးပိုပြီး စိုက်လေ ဝမ်းစာဖူလုံမှုရာခိုင်နှုန်း ပိုပြီးတိုးတက်လေပါပဲ။ တောင်သူတွေရဲ့လူမှုဘဝဖွံ့ဖြိုးပြီးသူတို့အတွက် အကျိုးအမြတ်ပိုပြီး ရရှိလာမှာပါ။ တစ်နှစ်ထက် တစ်နှစ် အထွက်နှုန်းတိုးလာတာဟာ တောင်သူတွေ နည်းပညာလိုက်နာမှု အားကောင်းလာတယ်လို့ ဆိုရမှာပါ။ အဲဒီလိုလိုက်နာကျင့်သုံးမှုအပေါ် တောင်သူများကို ကျေးဇူးလည်းတင်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးရာသီ၌ ဧက ၂၅၀၈၉၆ ဧက လျာထားခဲ့ပြီး ၆၇၀၇၅ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့၍ တစ်ဧက ၉၃ ဒသမ ၂၆ တင်းထွက်ရှိခဲ့သည်။ တစ်ဆက်တည်း မိုးစပါးများကို မေလမှ စက်တင်ဘာလကုန်ပိုင်းအထိ မိုးစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး အောက်တိုဘာလမှ ဖေဖော်ဝါရီလဆန်းပိုင်းအထိ မိုးစပါးများကို ရိတ်သိမ်းသွားမည်ဖြစ်သည်။

**ကွင်းဆင်းဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်၊ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ရန်နှင့် တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် Seeder ဖြင့် စိုက်ပျိုးခြင်း၊ ပန်းတိုင်အထွက်နှုန်း တိုးတက်စေရေးအတွက် နွေထယ်ရေးခံခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာသုံးစွဲမှု စနစ်တကျ မှန်ကန်ရေးတို့ကို အသိပညာပေးခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် သရုပ်ပြခြင်းတို့ကို ရာသီအလိုက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတို့ထံ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရာသီအလိုက် အထွက်ကောင်းမျိုးများဖြစ်သည့် မနောသုခ၊ ရွှေဝါထွန်း၊ ဆင်းသုခ၊ ရတနာတိုး၊ ရက်(၉၀)၊ ရာကျော်၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ မော်ဘီဆန်း၊ GW-11၊ စုပါနံကောက်၊ မော်ဘီ-၃၊ ဒဂုံ၊ ပခမ်းရွှေဝါ၊ နယူးရော-၁၁၊ ကရင်မ ထိပ်ဆောင်းစသည့်မျိုးစပါးများကိုလည်းကောင်း၊ အဆင့်မြင့်မျိုးဖြစ်သည့် ရောမင်း၊ ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင်၊ မော်ဘီ(၂)၊ အင်းမရဲဘော်၊ ဘာဂမာတီစသည့်မျိုးစပါးများနှင့် ဒေသမျိုးရင်းဖြစ်သော ဧရာ၊ မြီးတိုး၊ ငကြူ၊ ငစိန်နှင့် ကောက်ညှင်း စသည့်မျိုးစပါးတို့ကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဇွန်လဆန်းပိုင်း၌ ရာကျော်၊ ရွှေဝါထွန်း၊ ဆင်းသုခနှင့် မော်ဘီ-၃ စသည့် အထွက်ကောင်းမျိုးစပါးများကို စိုက်ပျိုးထားကြောင်း သိရသည်။

ညိမ်းသူ-သာတင်းစဉ်

ဓာတ်ပုံ - ကနူး

❒ စာမျက်နှာ ၆ မှ

နေရောင်ခြည်စွမ်းအင်သုတေသနအဖွဲ့ ဥက္ကဋ္ဌ တာဝန်ယူခဲ့ပါသည်။ ရန်ကုန်မြို့ ခုနစ်မိုင် ပါရမီလမ်းမပေါ်ရှိ ပြန်ပြည့်မြဲစွမ်းအင်ကော်မတီရုံးတွင် တက္ကသိုလ်အသီးသီးမှ သုတေသနပညာရှင်များ၊ စက်ရုံအလုပ်ရုံများမှ ဝါသနာရှင်သုတေသီများ၊ ပြင်ပပုဂ္ဂလိကကုမ္ပဏီများမှ သုတေသီများဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သုတေသနရန်ပုံငွေနှင့် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးပါသည်။ တက္ကသိုလ်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဒေသရှိ စက်မှုဇုန်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

**ဆိုလာရေခဲသေတ္တာကို သုတေသနပြုခဲ့**

ကျွန်တော်သည် ဟင်္သာတတက္ကသိုလ်သို့ ပြောင်းရွှေ့သွားသောအခါ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတချို့၌ မြွေဆိပ်ဖြေဆေးများနှင့် အအေးခန်းတွင်ထားရမည့်ပစ္စည်းများကို သိုလှောင်နိုင်ရန် ဆိုလာရေခဲသေတ္တာကို သုတေသနပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအဆင့် သုတေသနဆုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပုသိမ်မြို့၌ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

လက်တွေ့သုတေသနများပြုလုပ်ရာတွင် ပထမအချက်မှာ လုပ်ချင်သောဆန္ဒရှိရမည်ဖြစ်ပါသည်။ ထို့ပြင် သုတေသနနှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များကို ရှာဖွေစုဆောင်းနိုင်ရမည်ဖြစ်ပါသည်။ သုတေသနအတွက် ပံ့ပိုးပေးနိုင်မည့် အဓိကလိုအပ်သည့် ငွေကြေးပေးနိုင်မည့် အဖွဲ့အစည်းများကို ချဉ်းကပ်ရှာဖွေကာ ကိုယ်လုပ်ဆောင်မည့် သုတေသနသည် မည်သည့်အကျိုးကျေးဇူးများ ရနိုင်ကြောင်းပြောပြပြီး စည်းရုံးအကူအညီတောင်းရပါမည်။ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ကာ ဆောင်ရွက်နိုင်ပါသည်။ တက္ကသိုလ်များအနေဖြင့် နှစ်စဉ် သုတေသနပရောဂျက်များအတွက် ဝန်ကြီးဌာနက ရန်ပုံငွေချထားပေးပါသည်။ မိမိတို့ဆောင်ရွက်မည့်သုတေသနသည် သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် လက်တွေ့သုတေသနပြုနိုင်ပါက ပိုမိုအကျိုးရှိနိုင်ပါသည်။ သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် စီမံခန့်ခွဲရေးအဖွဲ့များကလည်း သုတေသနလုပ်ငန်းများကို ကူညီအားပေးဆောင်ရွက်ရပါမည်။

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှု၍ သုတေသနပြုလုပ်ရန် လမ်းညွှန်မှာကြားချက်သည် အခြားတက္ကသိုလ်/ကောလိပ်များအတွက်ပါ လက်တွေ့ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်လိုက်ခြင်းပင်ဖြစ်သည်ဟု ယုံကြည်ယူဆမိသဖြင့် မကြာမီအသုံးချသုတေသနလုပ်ငန်းများ အောင်မြင်လာမည်ဟု မျှော်လင့်ပြီး ရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ ဘောလုံးကွင်းအမှတ်(၁)၌ Myanmar National League 2025–2026 I.S.P.E FC အမျိုးသားဘောလုံးအသင်းနှင့် Myanmar Women League 2025–2026 I.S.P.E FC အမျိုးသမီးဘောလုံးအသင်းတို့၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အောင်မြင်မှုဆုတံဆိပ်များရရှိရန် စခန်းသွင်းလေ့ကျင့်နေသည့် ပဏာမလက်ရွေးစင် ဘော်လီဘောအားကစားသမားများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ပဏာမလက်ရွေးစင် ဘော်လီဘောအားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် ကမာရွတ်မြို့နယ်ရှိ ပန်းဝါဒြေ့ရိပ်သာ၌ မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ်နှင့် တွေ့ဆုံရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားနည်းပြဌားရမ်းလေ့ကျင့်ပေးမည့် အစီအစဉ်များ၊ ဖိတ်ခေါ်ပြိုင်ပွဲများနှင့် Joint Training သွားရောက်လေ့ကျင့်မည့် ကိစ္စရပ်များ၊ အားကစားကွင်း၊ ခန်းမနှင့်ရုံးခန်းရရှိရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဆုတံဆိပ်များရရှိစေရေး ကြိုးစားလေ့ကျင့်ရန် မှာကြားသည်။

ဆက်လက်၍ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိ၍ ပဏာမလက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းစစ်ဆေး မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် ကွင်းအမှတ်(၁၃၁၉)ရှိ တောင်သူ ဦးတင်ထွန်းအောင်၏ ပေါင်းစည်းလယ်ယာတွင် နွေစပါးအောင်နိုင်တိုးမျိုး ဧက ၂၀ စံပြစိုက်ခင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများထံ ရွှေဘိုပေါ်ဆန်း မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ဦးမြတ်မင်းအေး၏ မွေးမြူရေးခြံ၌ နို့စားနွားများ မွေးမြူထားရှိမှုကို လည်းကောင်း၊ တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ နေပြည်တော်အတွင်း မြို့နယ်အသီးသီးတွင် အခြေခံပညာကျောင်းများ၊ မြို့၊ ရွာများရှိ လမ်းမများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် ချမ်းမြေ့မြိုင် ရိပ်သာကျောင်း ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဥတ္တရသီရိမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တတိယဆုရရှိသော တပ်ကုန်းမြို့နယ်အသင်းကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဒုတိယဆုရရှိသော ပျဉ်းမနားမြို့နယ်အသင်းကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပထမဆုရရှိသော ဥတ္တရသီရိမြို့နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ သမဝါယမအသင်း ဖွဲ့စည်း၍ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ဇွန် ၆ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ သမဝါယမအသင်းဖွဲ့စည်း၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးမင်းဦးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် တောင်သူများ၏ လယ်ယာမြေများကို Solar ရေတင်စနစ်များ ပါဝင်သည့် အဆင့်မြှင့်လယ်ယာမြေများ ပြုပြင်ဖော်ထုတ် တည်ဆောက်ပေးခြင်း၊ ရေသွင်းရေထုတ်မြောင်းများ ပြုပြင်တည်ဆောက်ပေးခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေးတောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိစေရေး အတွက် မျိုးစေ့သန့်စင်စက်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်းနှင့် ကျေးလက်အခြေပြု လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ကျေးလက်အခြေပြု စိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်နေသည့် အသင်းသား တောင်သူများ၏ လိုအပ်ချက်အပေါ် ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေး အတွက် ရည်ရွယ်၍ ဤလုပ်ငန်းအစီအမံကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးမင်းဦးက ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ သမဝါယမအသင်းကို ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အသင်းတည်နေရာထားရှိ၍ အသင်းဖွဲ့စည်းပြီးပါက အခြားအခြေခံ သမဝါယမအသင်းများရှိ အသင်းသား တောင်သူများ၏ လိုအပ်ချက်များအပေါ် ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် သမဝါယမအသင်း၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်နိုင်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများသမဝါယမအသင်းဖွဲ့စည်း၍ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နေပြည်တော်အတွင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် MRF Co – Op “ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ သမဝါယမအသင်း” ဖွဲ့စည်းဆောင်ရွက်ပြီးပါက မြို့နယ်ရှစ်မြို့နယ်တွင် သမဝါယမကဏ္ဍအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဇွန် ၇

မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ စာသင်ကျောင်းစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု ကြေးတိုင်ပြင်ကွင်း (OSS) ဟိုရိုနိတရုတ်သုသာန်မြေ နေရာတွင် မြေညှိခြင်း၊ မြေတူးဖော်ခြင်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သစ်တောသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်ရေးအတွက် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးသည့် နေရာများတွင် အရိပ်အာဝါသနှင့် မျက်စိပသာဒရှိစေရေး နှစ်ရှည်ပင်၊ အရိပ်ရပင်များ ပြန်လည်စိုက်ပျိုး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇွန် ၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အပါအဝင် မြို့နယ် ၁၈ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျုံပျော် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းကာ သန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အထက(၁) ကျုံပျော်၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်းရှိ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များသိမ်းဆည်းခြင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြဝတီမြို့ ရွှေလဝန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မြဝတီ ဇွန် ၇

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် စိတ်ဓာတ်ရေးရာများ တိုးတက်ကောင်းမွန်စေရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရွှေလဝန်းကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲကို အမှတ်(၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လင်းဌေး ဦးဆောင်၍ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြု ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ ဆောင်ရန်/ရှောင်ရန်များ၊ မြဝတီမြို့နယ်အတွင်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ဆိုင်ကယ်ပေါ်တွင် နှစ်ဦးထက်ပို၍ စီးနင်းပါက ဖြစ်ပွားနိုင်သည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းဟောပြောပေးပြီး တက်ရောက် လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးသည်။

မြဝတီမြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့ပါးစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို အထက ကျောင်းများ၊ ဈေးများ၊ လမ်းများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး Quick Win အစီအမံငါးရပ်တွင် ပါဝင်သည့်အချက်များကို ယာဉ်အသုံးပြုသူများ လိုက်နာဆောင်ရွက်ကြရန်နှင့် မလိုက်နာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများဖြင့် အရေးယူဆောင်ရွက်ခြင်းများကိုလည်း အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ITPEC Exam အောင်လက်မှတ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇွန် ၇

ဧပြီ ၂၇ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park၊ Conference Hall ၌ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါ အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်မည့် အောင်မြင်သူများသည် https://forms.gle/TWC8vxAwPy7ayEAE8 Link မှ ဝင်ရောက်၍ ဇွန် ၂၀ ရက်နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကာ စာရင်းပေးသွင်းထားခြင်း မရှိသူများအား ထိုအခမ်းအနားတွင် အောင်လက်မှတ်ပေးအပ်မည်မဟုတ်ဘဲ သီးသန့်ထုတ်ယူရမည်ဖြစ်သည်။

သင်တန်းကျောင်းများမှ အောင်မြင်သူများသည် မိမိတို့သက်ဆိုင်ရာ သင်တန်းကျောင်းများမှတစ်ဆင့် အောင်လက်မှတ်ပေးပွဲ တက်ရောက်ရန်သတင်းပေးပို့ရမည်။ အောင်လက်မှတ် တက်ရောက်မယူသောသူများသည် ဇူလိုင် ၁၄ ရက်မှ စတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံးခန်း MICT Park ဖုန်း ၀၁-၉၃၃၉၂၂၀၊ ၀၉- ၄၀၈၈၃၃၂၂၀ နှင့် သက်ဆိုင်ရာ သင်တန်းကျောင်းများတွင် လာရောက်ထုတ်ယူနိုင်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်မြင်သူများသည် မန္တလေးတိုင်းဒေသကြီးဖုန်း ၀၉-၇၉၇၁၉၉၉၁၈၊ မကွေးတိုင်းဒေသကြီး ဖုန်း ၀၉၅၃၄၁၁၅၀၊ ကရင်ပြည်နယ် ဖုန်း ၀၉-၅၁၃၆၄၁၇ ရှိအသင်းရုံးများသို့ ဆက်သွယ်ပြီး အောင်လက်မှတ်များ ထုတ်ယူနိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ပိတောက်ချောင်ကျောင်းတိုက်တွင် အပျက်အစီးများရှင်းလင်းနေမှု ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ချမ်းအေးသာစံမြို့နယ်ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံများ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများနှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီး၏ငှက်ပျောဖူးအား အပိုင်းလိုက်ဖျက်၍ ရထားပျံဖြင့် မြေသို့ပင့်ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြေသားညှိခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သာသနိကအဆောက်အအုံများ၊ ဥမင်သုံးဆယ်စေတီတော်၌ သာသနိကအဆောက်အအုံများ၊ ပိတောက်ချောင်ကျောင်းတိုက်ရှိ သာသနိကအဆောက် အအုံများ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သကျမိတာသီလရှင်စာသင်တိုက်ရှိ သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မိုးမကျမီ စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နန်းဦးမြို့သစ် လေးကျွန်းမြေအုဋ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် သံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားကွင်းအတွင်းရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ရှိ မိဘရိပ်ခြောက်ထပ်တိုက်အား ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်အား မိုးမကျမီစက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများ၊ ယာယီစာသင်ဆောင်များ ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ရှိ ၃၂လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ကစ္စနမဟီရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများနှင့် နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးတို့အတွက် ကူညီကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ကစ္စနမဟီရပ်ကွက် ရွှေချည်ထိုးရပ်ရှိ အန္တရာယ်ရှိအဆောက်အအုံသည် ၃၅ လမ်း ခုံးကျော်တံတားနှင့် ကပ်လျက်ဖြစ်သည့်အတွက် ခုံးကျော်တံတားနှင့်အနီးရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် “A”ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းအခြေအနေများ၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဆက်လက်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများ၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေဖော်ထုတ်တွေ့ရှိသောပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးရှိအဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၁ သို့** ❂




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း)ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပန်းတောင်းမြို့၌ ရတနာရွှေပြည်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ



**ပန်းတောင်း ဇွန် ၇**

ပန်းတောင်းမြို့ ရတနာပုံရပ်ကွက်၌ ရတနာရွှေပြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က ပန်းတောင်းမြို့ ရတနာရွှေပြည်စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး သုတ/ရသစာအုပ်စာစောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်သည်။ ထို့နောက် ဝန်ကြီးချုပ်က မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွား၍ လိမ္မာယဉ်ကျေးသည့် လူတော်လူကောင်းများဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်၍ လူငယ်များ စာကြည့်တိုက်သို့ လာရောက်စေရေး အလေးထားစည်းရုံးဆောင်ရွက်ရန် စာကြည့်တိုက်ကော်မတီဝင်များအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် စာကြည့်တိုက်ဖွင့်ပွဲတွင် လာရောက်ဖျော်ဖြေကြသည့်အကအဖွဲ့နှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်း ဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်း စီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၈၇) ရပ်ကွက် သာသနာ့အလင်းရောင်ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးကျော်က နိုင်ငံသား မှတ်ပုံတင်ကတ်ပြားအတုများ ကိုင်ဆောင်ထားမှု မဖြစ်စေရေး အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ပန်းခင်းစီမံချက်ဖြင့် ထုတ်ပေးခဲ့သော အိမ်ထောင်စု ၄၉ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၈ ကတ်အား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လဝကဦးစီးမှူး ဦးအေးကျော်တို့က ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး Biometric ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# စဉ့်ကိုင်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**စဉ့်ကိုင် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းကို ဇွန် ၅ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ရွာလယ်ဓမ္မာရုံအတွင်း၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ယခုသင်တန်းကို ပြည်တွင်းဈေးကွက်၌ အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများကို သက်သာသောနှုန်းထားများဖြင့် ပြည်သူများ အသုံးပြုနိုင်ရန်၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ အခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးညွှန်ကြားရေးမှူး က စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီထံသို့ စီမံကိန်းလုပ်ငန်းတာဝန်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက သင်တန်းသူများအား စာတွေ့လက်တွေ့ပို့ချသင်ကြားပေးခဲ့ကြောင်းနှင့် သင်တန်းကို ဇွန် ၈ ရက်အထိ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကလိန်အောင်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကလိန်အောင် ဇွန် ၇**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၃)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကလိန်အောင်မြို့သစ်တောဦးစီးဌာနမှ တာဝန်ခံဘိနယ်တောအုပ် ထက်လင်းဦး၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ ဦးစီးအရာရှိ ဦးချမ်းငြိမ်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များကို တက်ရောက်လာကြသော ကလိန်အောင်မြို့ နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ဝင်းဗိုလ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများထံ ပေးအပ်ကြပြီး မဟော်ဂနီပင် ၅၀၊ သက်န်းပင် ၅၀၊ မန်ဂျန်ရှားပင်၂၀၀ စုစုပေါင်းပျိုးပင် ၃၀၀ တို့အား သတ်မှတ်နေရာများ၌ စနစ်တကျစုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ခင်ခင်လှဲ့**

# ဒိုက်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ဒိုက်ဦး ဇွန် ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒိုက်ဦးမြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဦးစောထွန်းဖြူ ဦးဆောင်သော ကွင်းဆင်းအဖွဲ့ငါးဖွဲ့သည် ဒိုက်ဦးမြို့ ကမာဖရုံကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသောပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိသည့်ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်( ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ**
**ဖြေရှာတစ်ခု တောပြုစု။**

✪ စာမျက်နှာ ၁၀ မှ

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းရှိ အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စာသင်ဆောင်အခန်းများအား ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် အပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၆ လမ်း ၃၄လမ်းနှင့် ၃၅ လမ်းအကြား အန္တရာယ်ရှိ လူနေအဆောက်အအုံအား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဖြိုချရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီသုံးခန်းတွဲ လိုင်းခန်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ အသစ်ထပ်မံဆောက်လုပ်ပေးမည့် မြေနေရာများနှင့် ခရိုင်အသေးစားစက်မှုလက်မှုရုံးဝင်းအတွင်း၌ Modular Container House များဖြင့် ယာယီရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံအနောက်ဘက်၌ ဆည်မြောင်းဦးစီးဌာနမှ ဇော်ဂျီမြစ်ရေထိန်းတာပေါင်လုပ်ငန်းများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းနှင့် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာအုပ်စု ဘဏ္ဍာကျေးရွာရှိ ရွှေမြင်တင်ဘုရားကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးပြန်လည်ပြုပြင်မွမ်းမံမည့် အစီအမံများနှင့် ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကလေးစုပေါင်းဝန်ထမ်းအိမ်ရာစခန်းရှိ တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၇**

ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ တောင်ကလေး တိုးချဲ့မြို့ပြ အိမ်ရာစီမံကိန်း၊ တောင်ကလေး စုပေါင်းဝန်ထမ်းအိမ်ရာစခန်း၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လေးခန်းတွဲ ငါးထပ် RC ဝန်ထမ်းအိမ်ရာနှစ်လုံး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စေတနာရှေ့ထားဆောင်ရွက်ကြရန် မှာကြားကာ တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ဈေးဟောင်းအကွက်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေကျပ် ၁၄၁၆ ဒသမ ၂၉၀ သန်းဖြင့် Thanlwin Archive Co.,Ltd. မှတာဝန်ယူတည်ဆောက်သည့် ငါးခန်းတွဲ ငါးထပ်ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်း သား၊ သမီးများ ပညာသင်ချီးမြှင့်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တက္ကသိုလ်အဆင့် ဝန်ထမ်း ၁၉ ဦး၊ ဝန်ထမ်းသားသမီး ၁၃ ဦး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ၇၇ ဦး စုစုပေါင်း ၁၀၉ ဦးတို့ကို တက္ကသိုလ်အဆင့်တွင် ပညာသင်ချီးမြှင့်ငွေကျပ် တစ်သိန်းနှုန်း၊ အထက်တန်းအဆင့် ရှစ်သောင်းနှုန်း၊ အလယ်တန်းအဆင့် ခုနစ်သောင်းနှုန်း၊ မူလတန်းအဆင့်တွင် ငွေကျပ် ခြောက်သောင်းငါးရာနှင့်ညီမျှသည့် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံများကို ပေးအပ်ချီးမြှင့်သည်။

ယနေ့ ချီးမြှင့်ပေးအပ်ရာတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီး စုစုပေါင်း ၁၀၉ ဦးအတွက် ငွေကျပ် ၈၁၆၇၀၀၀ တန်ဖိုးရှိ ပညာသင်ချီးမြှင့်ငွေနှင့် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံတို့ကို ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကမာရွတ်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၇**

ကမာရွတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ကမာရွတ်မြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူက အဖွင့်အမှာစကား ပြောကြားပြီး ကမာရွတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းနိုင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနမှ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေးအတွက် အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင်က ဦးဆောင်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းတို့ကို ထပ်မံချိတ်ဆွဲခြင်းနှင့် စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုထက်**

## ဆိပ်ဖြူမြို့နယ်၌ ဆေးရောင်စုံပန်းချီပြိုင်ပွဲ ကျင်းပ



**ဆိပ်ဖြူ ဇွန် ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပန်းချီဝါသနာရှင်များ ပူးပေါင်း၍ ရောင်လေဝေးဝေး မူးယစ်ဆေးနှင့် မူးယစ်ကင်းစင်မြန်ပြည်တစ်ခွင် ခေါင်းစဉ်နှစ်မျိုးဖြင့် ဆေးရောင်စုံပန်းချီပြိုင်ပွဲကျင်းပရာ ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အကျႌ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇွန် ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး




ဝါရှင်တန် ဇွန် ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ကိစ္စရပ်များကို တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံဆက်ဆံရေး လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနေပြီး ကုန်သွယ်ရေးသဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းမှုများသည် ကောင်းမွန်သော အခြေအနေတွင် ရှိနေကြောင်း ထရမ့်က ပြောသည်။

နှစ်နိုင်ငံ ညှိနှိုင်းရေးအဖွဲ့များကို ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ ခေါင်းဆောင်နှစ်ဦးက လူချင်းတွေ့ဆုံရန် အပြန်အလှန်ဖိတ်ခေါ်မှုကို လက်ခံခဲ့ကြောင်းလည်း ထရမ့်က ဆိုသည်။

တစ်နာရီခွဲခန့်ကြာသည့် ဖုန်းခေါ်ဆိုမှုသည် အပြုသဘောဆောင်သော ရလဒ်များထွက်ပေါ်လာခဲ့ကြောင်း ဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားသည်။

ထို့ပြင် မြေရှားသတ္တုထုတ်လုပ်မှုဆိုင်ရာ ပြဿနာများကိုလည်း ၎င်းတို့က ဖြေရှင်းနိုင်ခဲ့ကြောင်း ထရမ့်က ဆက်လက်ပြောသည်။

ယခုဖုန်းခေါ်ဆိုမှုသည် ဒေါ်နယ်ထရမ့်၏ တောင်းဆိုချက်ကြောင့်ဖြစ်ကြောင်း တရုတ်အစိုးရပိုင် မီဒီယာများက သတင်းဖော်ပြသည်။

စီးပွားရေးကို ယိမ်းယိုင်စေသော ကုန်သွယ်ရေးဆောင်ရွက်မှုများကို ရပ်တန့်ပြီး ကောင်းမွန်သော နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုအပ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

မေလတွင် စတင်ခဲ့သည့် ကုန်သွယ်ရေးအခွန်ကောက်ခံမှု ရက် ၉၀ ကြာရပ်နားထားမှုမတိုင်မီ နှစ်နိုင်ငံသည် ကုန်သွယ်ခွန်များကို အပြန်အလှန်တိုးမြှင့်ကောက်ခံလျက်ရှိကြောင်း သိရသည်။

ယခုဖုန်းခေါ်ဆိုမှုသည် ဒေါ်နယ်ထရမ့်၏ ဒုတိယသက်တမ်းအတွင်း သမ္မတ ရှီကျင့်ဖျင်နှင့် ပထမဆုံးအကြိမ် တိုက်ရိုက်စကားပြောဆိုမှုဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန် ရန်ပုံငွေရပ်ဆိုင်းခြင်းကြောင့် ခုခံအားကျဆင်းရောဂါ (AIDS) နှင့် ဆက်နွှယ်သော ရောဂါများကူးစက်မှုကြောင့် လူနာ လေးသန်း ထပ်မံသေဆုံးနိုင်



ကုလသမဂ္ဂ ဇွန် ၇

အမေရိကန်နိုင်ငံ၏ ရန်ပုံငွေရပ်ဆိုင်းခဲ့ခြင်းကြောင့် ၂၀၂၉ ခုနှစ်မတိုင်မီ ခုခံအားကျဆင်းရောဂါ (AIDS)နှင့် ဆက်နွှယ်သော ရောဂါကူးစက်မှုကြောင့် လူနာ လေးသန်း ထပ်မံသေဆုံးနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားသည်။

ဇွန် ၅ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် HIV/AIDS တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့၏ တိုးတက်မှု အစီရင်ခံစာနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။

အမေရိကန်နိုင်ငံသည် ဆယ်စုနှစ် နှစ်ခုကျော် HIV ပိုးတိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ရေးတွင် ဦးဆောင်သူအဖြစ် ရှေ့တန်းမှရပ်တည်ခဲ့ပြီး အလှူရှင်နိုင်ငံများ၏ ၇၀ ရာခိုင်နှုန်းကျော်ကို ပံ့ပိုးပေးခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့သည် ဇန်နဝါရီလကုန်မှစပြီး အလှူငွေထည့်ဝင်မှုများကို ရပ်တန့်ထားခဲ့ကြောင်း သိရသည်။

**ပြောကြား**

အဆိုပါ အလှူငွေထည့်ဝင်မှုရပ်ဆိုင်းခြင်းသည် ကမ္ဘာတစ်ဝန်း ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အကျပ်အတည်းများဖြစ်ပေါ်စေခဲ့ကြောင်း ကုလသမဂ္ဂ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် အမီနာ မိုဟာမက် က ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားသည်။

ဆေးခန်းများပိတ်ခြင်းနှင့် HIV ဝန်ဆောင်မှုများ ရပ်ဆိုင်းခြင်းကြောင့် ဆယ်ကျော်သက်မိန်းကလေးများနှင့် အမျိုးသမီးငယ်များ အထူးသဖြင့် ကလေးသူငယ်များ HIV ပိုး ကူးစက်မှုပိုမိုဖြစ်ပွားနိုင်ခြေများကြောင်း အမီနာ မိုဟာမက်က ဆက်လက်ပြောသည်။

အကယ်၍ အမေရိကန်အနေဖြင့် ရန်ပုံငွေကို အပြီးတိုင်ရပ်ဆိုင်းပါက ၂၀၂၉ ခုနှစ်မတိုင်မီ ရောဂါပိုးကူးစက်မှုကြောင့် နောက်ထပ်သေဆုံးသူ လေးသန်းရှိလာနိုင်ပြီး HIV ပိုးကူးစက်မှုအသစ် ခြောက်သန်းကျော်ကို ကုလသမဂ္ဂအဖွဲ့က စီမံချက်ချမှတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အမီနာ မိုဟာမက်က ပြောကြားသည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း၌ HIV ဝေဒနာရှင် ၃၉ ဒသမ ၉ သန်း၏ လေးပုံတစ်ပုံနီးပါးသည် အသက်ကယ်ဆေး အသုံးပြုခွင့် ဆုံးရှုံးနေရပြီး တစ်မိနစ်လျှင် လူနာတစ်ဦးသည် HIV နှင့်ပတ်သက်သော အကြောင်းတရားများကြောင့် သေဆုံးနေရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂရိနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုအတွက် တာဝန်ရှိသူများအား ပြစ်ဒဏ်ချမှတ်

အေသင် ဇွန် ၇

ဂရိနိုင်ငံတွင် ၂၀၁၈ခုနှစ်က ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုအတွက် တာဝန်ရှိသူ ၁၀ ဦးအား ဂရိတရားရုံးက ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း သိရသည်။

ကမ်းရိုးတန်းဒေသဖြစ်သည့် မာတီမြို့တွင်ဖြစ်ပွားခဲ့သည့် ၎င်းသဘာဝဘေးအတွင်း ဒေသခံ ၁၀၄ ဦး သေဆုံးပြီး ၁၄၀ဒဏ်ရာရရှိခဲ့သည်။ ၎င်းဖြစ်ရပ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေးခြင်းအပေါ် နိုင်ငံသားများ၏ဝေဖန်မှုများမြင့်တက်ခဲ့သည်။

ပြစ်ဒဏ်ချမှတ်ခံရသူများတွင် မီးသတ်တပ်ဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများအပါအဝင် စိုက်ခင်းကို မီးရှို့ခဲ့သူ ဒေသခံတစ်ဦးပါဝင်သည်။ ၎င်းဖြစ်ရပ်တွင်တာဝန်ရှိသူများ၏ ပေါ့လျော့မှုကြောင့် သဘာဝဘေးပမာဏ ကြီးမားစွာကျရောက်ခဲ့ကြောင်း တရားရုံးက ပြောကြားသည်။

အဆိုပါ တာဝန်ရှိသူ လေးဦးအား ထောင်ဒဏ်ငါးနှစ်စီ ချမှတ်ခဲ့ပြီး ကျန်တရားခံများအား ငွေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယခုဖြစ်စဉ်ကြောင့် ကမ်းရိုးတန်းဒေသ နှစ်ခု အပါအဝင် မြေ ၁၄ စတုရန်းကီလိုမီတာ လောင်ကျွမ်းခဲ့ပြီး အိမ် ၃၀၀၀ ကျော်ပျက်စီးခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**





# အမေရိကန်နိုင်ငံ၌ ပညာသင်ကြားခွင့် မရတော့သည့် နိုင်ငံတကာ ကျောင်းသားများကို ဂျပန်တက္ကသိုလ် ၉၀ ခန့်က လက်ခံသင်ကြားမည်

တိုကျို ဇွန် ၇

အမေရိကန်နိုင်ငံ၌ ပညာသင်ကြားခွင့် မရတော့သည့် နိုင်ငံတကာ ကျောင်းသားများကို လက်ခံသင်ကြားရန်အတွက် ဂျပန်နိုင်ငံအတွင်းရှိ တက္ကသိုလ် ၉၀ ခန့်က စီမံဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း ဂျပန်ပညာရေးဝန်ကြီးက ယနေ့ ပြောကြားသည်။

ဂျပန်ပညာရေးဝန်ကြီးဌာနသည် ဂျပန်လူမျိုးသို့မဟုတ် ဂျပန်နိုင်ငံသားမဟုတ်သော ကျောင်းသားများအတွက် ထောက်ပံ့ရေးအစီအမံများကို ထည့်သွင်းစဉ်းစားရန် နိုင်ငံအတွင်းရှိ တက္ကသိုလ်များကို တောင်းဆိုထားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဟားဗတ်တက္ကသိုလ်တွင် နိုင်ငံတကာ ကျောင်းသားများ ကျောင်းအပ်ခွင့် ပိတ်ပင်ကြောင်း ကြေညာပြီးနောက် ဂျပန်တက္ကသိုလ်များအား ပညာရေးဝန်ကြီးဌာနက တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ တက္ကသိုလ် ၉၀ မှ အပြုသဘောဆောင်သော တုံ့ပြန်မှုများ ရရှိခဲ့ကြောင်း ပညာရေးဝန်ကြီး အာဘီတိုရှိကိုက ပြောကြားသည်။ တက္ကသိုလ်အချို့သည် ကျောင်းသားများအတွက် နေရာထိုင်ခင်းပေးရန် စဉ်းစားနေကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် မေလအတွင်း သတင်းရရှိမှု ၁၁၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ခြောက်ကြိမ်၊ နောက်ကျသတင်း သုံးကြိမ်နှင့် သိမ်းဆည်းရမိမှုသတင်းမှန် ၁၀၅ ကြိမ်ဖြစ်ပြီး သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိအမှုတွဲ ၂၉၉ မှု ဖွင့်လှစ်ထားရာ သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၇၂ မျိုးအပါအဝင် သိမ်းဆည်းရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၂ ဒသမ ၅၁၅ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ရေယာဉ်၊ မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။






၂၀၂၅ ခုနှစ် မေလအတွင်း သိမ်းဆည်းရမိမှု။

၂၀၂၅ ခုနှစ် မေလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၇၂ ဒသမ ၅၁၅ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၅၉၄ ဒသမ ၅၀၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၆ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း New Way ကားဂိတ်နှင့် ရွှေသလ္လာကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၆၃ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တောင်း-ဒိုက်ဦး လမ်းခွဲအနီး




ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၇၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၅၆၂ တန်၊ သစ်မာ ၃ ဒသမ ၀၅၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၈၀၀၆၀၂ ကျပ်ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၉၈၅၈၀၆၀၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၃၀၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ The Myanmar Terminal ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၃၂၈၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေ၁၁၇၂၂၁၅၁၂၃ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Eastern Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/SF-5381 ဖြင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ကိုရီးယားနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၈၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေ ၁၂၇၉၀၅၅၉၈၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၈ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၁၀၈ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုး ငွေ ၁၅၇၇၀၄၂၅၈၅ ကျပ်ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်း များကြောင့် ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကောင်းခြင်းပြည့်စုံ လနယုန်

စိန်ငွေးလှိုင် (ဟိုပုံးမြေ)

နယုန်လသည် မြန်မာပြက္ခဒိန်၏ တတိယမြောက်လဖြစ်ပြီး ရက်မစုံသည့်လတစ်လဖြစ်သည်။ "နယုန်" ဆိုသောဝေါဟာရတွင် "န" ဆိုသည်မှာ အချိန်ကာလကိုရည်ညွှန်းပြီး "ယုန်"ဆိုသောစကားမှာ "အရည်ယိုစီးခြင်း"ကိုခေါ်ဆိုသည်။ ထို့ကြောင့် "အရည်ယိုစီးသောလ သို့မဟုတ် မိုးရွာသောလ"ဟု အဓိပ္ပာယ်ရသည်။ နွေရာသီ၏ နောက်ပိုင်းကာလဖြစ်သောကြောင့် "နွေနှောင်းလ၊ နွေစွန်လ"ဟုလည်း ခေါ်ဆိုကြပါသည်။ ပုဂံခေတ်ကျောက်စာများတွင် "နံယုန်၊ နယုန်၊ နံမျုန်"ဟု ရေးထိုးခဲ့သည်။




"ရွှေစာတော်ပြန်မေးလို့၊ မြတ်လေးတဲ့စံပယ်၊ မေထုန်ဆိုရာသီကူး၊ ပွင့်ဖူးဝတ်မှုန်နံ့၊ သင်းပျံ့တော့တယ်"ဟုဆိုကာ ဖိုးသူတော်ဦးမင်းက နယုန်လဘွဲ့တွင် ရေးစပ်ခဲ့သည်။ ရာသီပန်းမှာ မြတ်လေးပန်းနှင့် စံပယ်ပန်းတို့ဖြစ်ကြသည်။ ဗေဒင်အလိုအားဖြင့် မေထုန်ရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ ဇေဋ္ဌနက္ခတ်ဖြစ်၏။ "နဝါဝါမြောက်"ဆိုသော စကားအရ နဂါးဦးခေါင်းသည် မြောက်အရပ်သို့လှည့်သည်။ ရက်ရာဇာမှာ အင်္ဂါနှင့် ကြာသပတေးတို့ဖြစ်ပြီး တနင်္ဂနွေနှင့် တနင်္လာတို့သည် ပြဿဒါးရက်များဖြစ်ကြသည်။

နယုန်လ၏ရာသီပွဲတော်မှာ စာပြန်တော်ပွဲဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်ကတည်းက ကျင်းပခဲ့သည်။ စာပြန်တော်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာထွန်းကားစေရန်ဖြစ်သည်။ စာတော်ပြန်ပွဲများမှ ထူးချွန်သည့် သာသနာ့အာဇာနည်ရဟန်းတော်များ ပေါ်ထွန်းလာ၏။ နယုန်လတွင် စာပြန်တော်ပွဲကျင်းပရခြင်းမှာ ရဟန်းတော်များသည် ဝါတွင်းသုံးလကာလပတ်လုံး စာဝါအသစ်သင်ယူရမြဲဖြစ်သည်။ စာဝါအသစ်များမသင်သေးသည့် ဝါမဝင်မီကာလဖြစ်သော နယုန်လတွင် ယခင်သင်ယူပြီးစာဝါများကို အာဂုံဆောင်ရွတ်ဆိုခြင်းမှ အစပြုကာ စာပြန်တော်ပွဲပေါ်ပေါက်ခဲ့၏။ စာများကိုပြန်ဆိုနေချိန်တွင် ဝါရင့်ဆရာတော်ကြီးများက အကဲခတ်နားထောင်ကာ အမှတ်ပေးကြသည်။

### စာပြန်တော်ပွဲကို ခမ်းနားစွာကျင်းပခဲ့

ပထမပြန်စာမေးပွဲများကို အင်းဝပြည့်ရှင် သာလွန်မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့သည်ဟု ရာဇဝင်မှတ်တမ်းရှိခဲ့သည်။ မန္တလေးရတနာပုံခေတ် ပဉ္စမသင်္ဂါယနာတင်မင်းတုန်းမင်းလက်ထက်တွင် စာပြန်တော်ပွဲကို ခမ်းနားစွာကျင်းပခဲ့၏။ သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် ပထမပြန်စာမေးပွဲနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းထုတ်ပြန်ခဲ့သည်။ အင်္ဂလိပ်ခေတ်တွင် ကွယ်ပျောက်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်(ခရစ်နှစ် ၁၈၉၆) နယုန်လပြည့်နေ့တွင် ပြန်လည်ကျင်းပခဲ့၏။ တစ်ဖန် ဒုတိယကမ္ဘာစစ်ဖြစ်သည့်အခါ ကွယ်ပျောက်ခဲ့ရပြန်သည်။ ဆဋ္ဌမသင်္ဂါယနာတင်ပြီးသောအခါ စာပြန်တော်ပွဲများသည် ပိုမိုအားကောင်းလာခဲ့ပြီး နေရာဒေသအလိုက် ရေးဖြေစာမေးပွဲများ ကျင်းပခဲ့ကြသည်။ ထိုစာမေးပွဲများမှ အတန်းအောင်လက်မှတ်များနှင့် ဘွဲ့လက်မှတ်များကို ဆက်ကပ်ချီးမြှင့်ပေးလျက်ရှိရာ ယနေ့တိုင်ကျင်းပမြဲဖြစ်သည်။

နယုန်လပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ငြိမ်းချမ်းမှုရရှိစေသော နေ့ထူးနေ့မြတ်ဖြစ်သည့် "မဟာသမယအခါတော်နေ့" အဖြစ်သတ်မှတ်ထားသည်။ ယင်းနေ့တွင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားကျောင်းကန်များ၌စုပေါင်းကာ မဟာသမယသုတ်ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြ၏။

### မဟာသမယအခါတော်နေ့

မဟာသမယအခါတော်နေ့ပေါ်ပေါက်လာပုံမှာ ရှေးအခါက မဇ္ဈိမဒေသတွင် ကပိလဝတ်နှင့် ကောလိယတိုင်းပြည်တို့အကြား၌ ရောဟိဏီအမည်ရသော မြစ်တစ်ခုစီးဆင်းသည်။ နှစ်ပြည်ထောင်ပြည်သူပြည်သားတို့သည် မြစ်ရေကိုသွယ်ယူပြီး လယ်လုပ်ကြ၏။ မြစ်ရေခန်းခြောက်သည့် နယုန်လသို့ ရောက်သည့်အခါ ရေခွဲဝေအသုံးပြုကြရာတွင် အငြင်းပွားပြီး စစ်ခင်းမည့်အခြေအနေသို့ရောက်ရှိလာ၏။ ထိုကာလတွင် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းမည့်အရေးကို မြင်တော်မူရာ ရောဟိဏီမြစ်ကမ်းကိုကြွတော်မူ၏။ နှစ်ဖက်သောစစ်တပ်တို့အကြား အထက်ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီး ဆံတော်တို့မှ နီလာရောင်ခြည်တော်လွှတ်တော်မူ၏။ တိုင်းပြည်နှစ်ခုမှစစ်သည်တို့သည် လက်နက်များကို စွန့်ပစ်ကာ မြတ်စွာဘုရားအား ရှိခိုးကန်တော့ကြသည်။ မြတ်စွာဘုရားက "မြတ်သောမင်းအပေါင်းတို့အနည်းငယ်မျှသာထိုက်တန်သော ရောဟိဏီမြစ်ရေကိုအကြောင်းပြု၍ တန်ဖိုးအနန္တထိုက်တန်လှသည့် ခတ္တိယနွယ်မျိုးမင်းအပေါင်းတို့ ပျက်စီးကြမည်လော"ဟု မေးမြန်းတော်မူရာ နှစ်ပြည်ထောင်တပ်တို့မှာ အမြင်မှန်ရရှိကာ စစ်ပြေငြိမ်းကြ၏။ ဘုရားရှင်သည် နှစ်ပြည်ထောင်မင်းတို့ ရန်ပြေငြိမ်းစေရန် ဖန္ဒနဇာတ်၊ ဒုဒ္ဒုဘဇာတ်နှင့် လဋုကိကဇာတ်တို့ကိုလည်းကောင်း၊ ညီညွတ်ခြင်း၏ အကျိုးကျေးဇူးကိုသိမြင်စေရန် ရုက္ခဓမ္မဇာတ်နှင့် ဝဋ္ဋကဇာတ်တို့ကိုလည်းကောင်း ဟောကြားတော်မူသည်။ ဆက်လက်၍ အတ္တဒဏ္ဍသုတ်ကိုဟောကြားတော်မူရာ တိုင်းပြည်တစ်ပြည်စီမှ ၂၅၀ သောမင်းသားတို့သည် ဗောဓိဘိက္ခုရဟန်းပြုကြကုန်သည်။

ရဟန်း ၅၀၀ တို့သည် ကာလကြာသောအခါ သာသနာတော်တွင် မပျော်ပိုက်ကြပါ။ ဘုရားရှင်က ရဟန်းများကို တရားထူးတရားမြတ်ရစေရန် တန်ခိုးဣဒ္ဓိဖြင့် ဟိမဝန္တာတောသို့ ခေါ်ဆောင်တော်မူသည်။ ထိုတောတွင်ရှိသော ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဟင်္သာပြဒါးတောင်၊ မျက်စဉ်းတောင်၊ သာနုတောင်၊ ဖလ်တောင်၊ မြစ်ကြီးငါးသွယ်နှင့် အိုင်ကြီးခုနစ်အိုင်တို့ကို ပြတော်မူ၏။ ထို့နောက် ဂါထာ ၃၀၀ ဖြင့် တန်ဆာဆင်ထားသည့် "အသီတိနိပါတ်မဟာ ကုဏာလဇာတ်"ကို ဟောတော်မူသည်။ ဇာတ်တော်၏အဆုံးတွင် ရဟန်းအားလုံးသည် သောတာပတ္တိဖိုလ်၌ တည်တော်မူကြပြီး မြေလျှိုးမိုးပျံ တန်ခိုးစျာန်ရကြသည်။ ဆက်လက်၍ ဘုရားရှင်သည် ရဟန်းများနှင့်အတူ မဟာဝုန်တောသို့ကြွချီတော်မူ၏။ ထိုခရီးတွင် ရဟန်းတို့သည် မိမိတို့တန်ခိုးဖြင့်သာ မြတ်စွာဘုရားကိုခြံရံပြီး ကောင်းကင်မှ ကြွမြန်းခဲ့သည်။ ရဟန်းများသည် ကမ္မဋ္ဌာန်းတရားကိုစီးဖြန်းကြရာ အရဟတ္တဖိုလ်ဆိုက်ရောက်သည်။

> နယုန်လတွင်ကျင်းပသည့် စာပြန်တော်ပွဲသည် တစ်မူထူးခြားနေသည်။ စာပြန်တော်ပွဲသည် ဗုဒ္ဓဘာသာအတွက် စာပေပိဋကတ်သင်ကြားမှုဆိုသည့် ပရိယတ္တိသာသနာထွန်းကားရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိသည်။ နယုန်လပြည့်နေ့တွင် ဟောကြားခဲ့သော မဟာသမယသုတ်တော်သည် ကမ္မဋ္ဌာန်းဘာဝနာအားထုတ်မှုဖြစ်သော ပဋိပတ္တိသာသနာ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို သိမှုဖြစ်သော ပဋိဝေဒသာသနာတို့၌ အကျုံးဝင်

တစ်နေ့သောအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားထံရောက်ရှိလာကြသည်။ ဗြဟ္မာ၊ နတ်၊ အသူရာ၊ ဂဠုန်နှင့် နဂါးတို့သည် ယခုလိုထူးခြားကြည်ညိုဖွယ်ရာ သံဃာ့အစည်းအဝေးကို မြင်တွေ့သည့်အခါ တရားနာယူရန် လာရောက်ကြ၏။ ၎င်းတို့အနက် သုဒ္ဓါဝါသဘုံတွင် နေထိုင်သော ဗြဟ္မာလေးဦးလည်းပါဝင်လျက်ရှိရာ "မြတ်စွာဘုရားရှင်ထံပါးတွင် ဂါထာတစ်ပုဒ်ကျစီ ရွတ်ဆိုလျှောက်ထားရလျှင်ကောင်းပေမည်"ဟု အကြံဖြစ်ပေါ်သည်။ ပထမဦးဆုံးဗြဟ္မာက "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ကိလေသာရန်သူတို့၏ ထိပါးအနိုင်ယူခြင်းကို မခံရသော အပရာဇိတအမည်ရှိ သံဃာတော်တို့ကိုဖူးတွေ့ရန် ဤတရားသဘင် အစည်းအဝေးရှိရာသို့ လာရောက်ကြပါ၏"ဟု လျှောက်ထားသည်။ ဒုတိယမြောက်ဗြဟ္မာက "အရှင်ဘုရား၊ ဤအစည်းအဝေးရှိရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်ဖြောင့်မတ်စွာ ပြုထားလျက်ရှိကြပါ၏။ ရထားထိန်းသည် မြင်း၏ဇက်ကြိုးတို့ကိုကိုင်၍ ထိန်းနိုင်သကဲ့သို့ ပညာရှိရဟန်းတို့သည်လည်း ဣန္ဒြေအမူအရာတို့ကို ထိန်းသိမ်းတော်မူနိုင်ကြပေ၏"ဟုဆိုကာ လျှောက်ထားသည်။ တတိယမြောက် ဗြဟ္မာက "အရှင်ဘုရား၊ တပ်မက်ခြင်းတဏှာကင်းပြီး သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာတို့သည် တပ်မက်လိုချင်သောရာဂ၊ အမျက်ထွက်ခြင်းဒေါသ၊ တွေဝေမသိခြင်း မောဟဟူသောခလုတ်နှင့် တံခါးမင်းတုပ်တို့ကို ဖြုတ်ပြီးလျှင် ရာဂ၊ ဒေါသ၊ မောဟဟူသော တံခါးတိုင်ကိုနုတ်ပြီး လှည့်လည်၍ သွားလာနေကြကုန်၏"ဟု လျှောက်ထားသည်။ စတုတ္ထမြောက်ဗြဟ္မာက "အရှင်ဘုရား၊ ဗုဒ္ဓဘုရားရှင်ကို ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်သူအားလုံးသည် ခန္ဓာကိုစွန့်ပယ်ပြီးသောအခါ မကောင်းသော အပါယ်လောကဘုံသို့မရောက်ကြဘဲ နတ်ပြည်သို့ရောက်ရှိကြပါလတ္တံ့"ဟု လျှောက်ထားသည်။ ဘုရားရှင်သည် တရားနာရောက်ရှိလာသော နတ်၊ ဗြဟ္မာများ၏အမည်၊ အမျိုးအနွယ်တို့ကို ရဟန္တာ ၅၀၀ သိစေရန် ဗြဟ္မာအမျိုးအနွယ်တစ်ဖွဲ့ချင်းစီနှင့် မိတ်ဆက်ပေးတော်မူသည်။ ထို့နောက်"မဟာသမယသုတ်တော်ကြီး"ကို ဟောကြားတော်မူသည်။ မဟာသမယဆိုသည်မှာ ကြီးကျယ်ခမ်းနားသည့် အစည်းအဝေးကိုခေါ်ဆိုခြင်းဖြစ်သည်။ ထိုနေ့သည်ကား နယုန်လပြည့်ညချမ်းအချိန်ဖြစ်ကြောင်း လေ့လာမှတ်သားရသည်။

### မိုးသားကျူးစအချိန်

နယုန်လသည် နွေအကုန်မိုးအကူး ဝသန်ကာလဖြစ်သောကြောင့် မိုးသားကျူးစအချိန်ဖြစ်သည်။ မုံရွေးဆရာတော်ရေးသားခဲ့သည့် ဆယ့်နှစ်လရာသီမိုးဘွဲ့တွင် "နယုန်မိုးသေးမြက်သားမွေး"ဟု စပ်ဆိုခဲ့ရာ မိုးရွာသွန်းသဖြင့် မြက်ပင်များ စတင်ပေါက်ရောက်ကာ မြေကြီးမှာ မြသားကမ္ဗလာပမာ စိမ်းမြနေ၏။ ပူပြင်းသောနေမင်းသည် နယုန်လသို့ရောက်သည့်အခါ အပူရှိန်အားလျော့လာသည်။ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ပင်သစ်ကိုင်းများမှ ရွက်ညွန့်လေးများ ထွက်ပြူလာကြသည်။ ဖားခုံညင်း၊ ဖားလက်တက်၊ ဖားကြောင်၊ ဖားအိုင်း၊ ဖားပြုပ်တို့ကလည်း အသံပေးကာ မိုးရာသီကိုကြိုဆိုနေကြသည်။ လယ်သမားတို့သည် ပျိုးထောင်ကြပြီး တောင်သူတို့သည် မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံတို့ ထွန်ယက်စိုက်ပျိုးကြသည်။

အချုပ်အားဖြင့်ဆိုရလျှင်မြန်မာတို့၏၁၂လရာသီပွဲတော်များသည် အများအားဖြင့် အလှူဒါနပြုလုပ်ကာ တီးမှုတ်ကခုန်ပျော်ရွှင်ကြသည်။ နယုန်လတွင်ကျင်းပသည့် စာပြန်တော်ပွဲသည် တစ်မူထူးခြားနေသည်။ စာပြန်တော်ပွဲသည် ဗုဒ္ဓဘာသာအတွက် စာပေပိဋကတ်သင်ကြားမှုဆိုသည့် ပရိယတ္တိ သာသနာထွန်းကားရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိသည်။ နယုန်လပြည့်နေ့တွင် ဟောကြားခဲ့သော မဟာသမယသုတ်တော်သည် ကမ္မဋ္ဌာန်းဘာဝနာအားထုတ်မှုဖြစ်သော ပဋိပတ္တိသာသနာ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို သိမှုဖြစ်သော ပဋိဝေဒသာသနာတို့၌ အကျုံးဝင်ပါသည်။ ထို့အပြင် နယုန်လတွင် မိုးပုလဲတို့ရွာသွန်းသောမိုးရာသီသို့ ဝင်ရောက်ချိန်ဖြစ်သည်။ တောင်သူဦးကြီးတို့မှာ စပါးမျိုးပျိုးထောင်ကာ ကောက်ပဲသီးနှံများ စိုက်ပျိုးကြသည်။ ထို့ကြောင့် နယုန်လသည် ဗုဒ္ဓဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်ရှိသောလ၊ နိုင်ငံတော်၏ရိက္ခာဖူလုံရေးအတွက် အားသစ်လောင်းသည့်လဖြစ်သောကြောင့် "ကောင်းခြင်းပြည့်စုံ လနယုန်" ဟု တင်စားလိုက်ရပါသည်။ ။

ကျမ်းကိုး - နိုင်ငံတော်ဗုဒ္ဓသာသန "မဟာဗုဒ္ဓဝင်တတိယတွဲ"၊ တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည်။ သာသနာ ၂၅၄၀၊ ကောဇာ ၁၃၅၈။



# ဝေါမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲစတုတ္ထနေ့ ဆက်လက်ဖြေဆို

ဝေါ ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို ယနေ့မွန်းတည့် ၁၂ နာရီက ရွှေဘုန်းပွင့်ဓမ္မရိပ်သာ၌ စတုတ္ထနေ့ဆက်လက်ဖြေဆိုခဲ့သည်။

အဆိုပါစာမေးပွဲ ကြွရောက်ဖြေဆိုကြသည့် သံဃာတော်များ၊ သီလရှင်များ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏနှင့် အဖွဲ့ဝင်ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ဆရာတော်များက ဆောင်ရွက်ပေးလျက်ရှိပြီး အလှူရှင်များက စာဖြေသံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်း၊ အချိုရည်နှင့် ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းကြသည်။

စာမေးပွဲတွင် တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ၊ သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာအား အခြေပြုမူလတန်းတွင်သာမဏေ စာရင်းရှိ ၂၆ ပါး၊ ဖြေဆို ၁၉ ပါး၊ ပထမငယ်တန်း ရဟန်း၊ သာမဏေ စာရင်းရှိ ၃၃ ပါး၊ ဖြေဆို ၂၉ ပါး၊ ပထမလတ်တန်းတွင် ရဟန်း၊ သာမဏေ စာရင်းရှိ သုံးပါး၊ ဖြေဆို နှစ်ပါး၊ ပထမကြီးတန်းတွင် ရဟန်း၊ သာမဏေ စာရင်းရှိ လေးပါး၊ ဖြေဆို နှစ်ပါး စုစုပေါင်းစာရင်းရှိ ၆၆ ပါးတွင် သံဃာတော်များနှင့်သီလရှင် ဖြေဆို ၅၂ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါင်းတည်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို

ပေါင်းတည် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲတတိယနေ့ကို ယမန်နေ့မွန်းတည့် ၁၂ နာရီက သကျမုနိမိုဃ်းကောင်းဘုရားကြီးဝင်းရှိ သာသနဗိမာန်တော်စာစစ်ဌာနတွင် ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲတွင် မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းတို့မှ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ပထမကြီးတန်းတွင် တစ်ပါး၊ ပထမလတ်တန်းတွင် နှစ်ပါး၊ ပထမငယ်တန်းတွင် ၁၇ ပါး၊ အခြေပြုမူလတန်းတွင် ၁၅ ပါး စုစုပေါင်း ၃၅ ပါး ဖြေဆိုလျက်ရှိကြသည်။

အဆိုပါအစိုးရပါဠိပထမပြန်စာမေးပွဲကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိသုတရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဦးစီး၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း ဘာသာရပ်စာမေးပွဲများကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။

ရွှေသား(IPRD )



# ရွှေကျောင်မြို့၌ ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲစတုတ္ထနေ့ ဆက်လက်ကျင်းပ

ရွှေကျောင် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ရွှေကျောင်မြို့နယ် ညောင်ပိုင်းတရုတ္တန်းရပ်ကွက် တောင်ပိုင်ဓမ္မရိပ်သာကျောင်းတိုက်ဓမ္မာရုံ၌ ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းစာမေးပွဲကို စတုတ္ထနေ့အဖြစ် ယနေ့မွန်းတည့် ၁၂ နာရီက ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း သံဃာတော်ခုနစ်ပါး၊ ပထမလတ်တန်း သံဃာတော် ၁၅ ပါး၊ သီလရှင်တစ်ပါး စုစုပေါင်း ၁၆ ပါး၊ ပထမငယ်တန်း သံဃာတော် ၁၈ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်းအပါး၂၀၊ အခြေပြုမူလတန်း သံဃာတော် ၂၈ ပါး၊ သီလရှင် နှစ်ပါး စုစုပေါင်းအပါး ၃၀၊ စုစုပေါင်း ပါဠိပထမပြန်(ကြီး၊ လတ်၊ ငယ်၊ မူ)တန်းစာမေးပွဲကို ၇၃ ပါး ဖြေဆိုလျက်ရှိသည်။ အဆိုပါစာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)



# ဖားကန့်မြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

ဖားကန့် ဇွန် ၇

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့ ကျောက်စိမ်းတွင်း သာသနာ့ဗိမာန်တော်ကြီး၌ စတင်ကျင်းပခဲ့သည်။



အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို ဖားကန့်မြို့နယ်အတွင်း ကျောင်းတိုက်များရှိ ရဟန်း၊ သာမဏေနှင့် သီလရှင် စာရင်းသွင်း ၁၃၈ ပါးရှိပြီး ဖြေဆိုသူ ၁၀၆ ပါး၊ ပျက်ကွက် ၃၂ ပါး ဖြစ်ပြီး ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်း ဘာသာတို့ကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ဖြေဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နယ်မြေခံတပ်မတော်မှ အရာရှိကြီးများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၁၄၆၃၅၀၀၀ ကိုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိ

တောင်ကြီး ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အတုလမာရဇိန် ဆုတောင်းပြည့်ဘုရား မြို့လယ်ဓမ္မာရုံနှင့် သာသနာလင်္ကာရ ကမ္ဘောဇ



သာသနာ့ဗိမာန်တို့၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

## ဆက်လက်ဖြေဆိုလျက်ရှိ

စာမေးပွဲဖြေဆိုရာတွင် အစိုးရဓမ္မာစရိယနှင့် ပထမကြီးတန်း၊ ပထမလတ်တန်းတို့ကို မြို့လယ်ဓမ္မာရုံ၌လည်းကောင်း၊ ပထမငယ်တန်းနှင့် အခြေပြုမူလတန်းကို သာသနာလင်္ကာရ ကမ္ဘောဇသာသနာ့ဗိမာန်တွင်လည်းကောင်း ဖြေဆိုလျက်ရှိပြီး ပထမကြီးတန်း စာရင်းရှိ ၆၉ ပါး၊ ဖြေဆို ၅၉ ပါး ၊ ပထမလတ်တန်း စာရင်းရှိ ၁၄၄ ပါး၊ ဖြေဆို ၁၁၉ ပါး၊ ပထမငယ်တန်း စာရင်းရှိ ၄၁၃ ပါး၊ ဖြေဆို ၃၁၆ ပါး၊ အခြေပြုမူလတန်း စာရင်းရှိ ၆၈၇ ပါး၊ ဖြေဆို ၄၇၉ ပါး စုစုပေါင်းစာဖြေသံဃာ ၉၇၃ ပါး ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရပ်စောက်မြို့၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ဖြေဆို

ရပ်စောက် ဇွန် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကို စူဠာမုနိကုသိုလ်တော်ဘုရားကြီးဓမ္မာရုံ၌ ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အဆိုပါ ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်းတို့တွင် အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ မာတိကာ၊ ဓာတုကထာ၊ ဒုကမာတိကာ၊ တိကမာတိကာ ဘာသာရပ်များကို သံဃာတော် ၁၀၇ ပါးတို့က ဖြေဆိုခဲ့ကြောင်း သိရသည်။

## လှူဒါန်းလျက်ရှိ

အဆိုပါစာမေးပွဲကို ရပ်စောက်မြို့နယ် စာဖြေဌာနတွင် ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ဖြေဆိုသွားမည်ဖြစ်ကြောင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက နေ့အလိုက် စာဖြေသံဃာများအား နေ့ဆွမ်း



နှင့် ခဲဖွယ်များ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြစ်သားမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

မြစ်သား ဇွန် ၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ဖြေဆိုမှုကို ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပွဲရပ်ကွက် ရွှေမုဋ္ဌောဘုရား မဟာအတုလဝေယံဘုံမြင့်ဗိမာန်၌ ကျင်းပသည်။

ပါဠိပထမပြန်စာမေးပွဲကို မြို့နယ်အတွင်းရှိ စာသင်တိုက်များမှ သံဃာတော်များ၊ သီလရှင်များ ဖြေဆိုကြရာ ပထမကြီးတန်းစာရင်းရှိ အပါး ၂၀၊ ဖြေဆိုသံဃာ ၁၇ ပါး၊ ပျက်ကွက် သုံးပါးသည် အဘိဓမ္မတ္ထသင်္ဂဟဘာသာကိုလည်းကောင်း၊ ပထမလတ်တန်း စာရင်းရှိ ၁၁ ပါး၊ ဖြေဆိုသံဃာ ကိုးပါး၊ ပျက်ကွက် နှစ်ပါးသည် အဘိဓမ္မတ္ထသင်္ဂဟဘာသာကို လည်းကောင်း၊ ပထမငယ်တန်း စာရင်းရှိ ၃၅ ပါး၊ ဖြေဆိုသံဃာ ၂၉ ပါး၊ ပျက်ကွက် ခြောက်ပါးသည် အဘိဓမ္မတ္ထသင်္ဂဟဘာသာကိုလည်းကောင်း၊ အခြေပြုမူလတန်း စာရင်းရှိ ၆၅ ပါး၊ ဖြေဆိုသံဃာ ၄၄ ပါး၊ ပျက်ကွက် ၂၁ ပါးတို့သည် အဘိဓမ္မတ္ထသင်္ဂဟဘာသာကိုလည်းကောင်း ဖြေဆိုကြရာ စုစုပေါင်းစာဖြေ ၉၉ ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# မြေဆီစိုခိုက် သစ်ပင်စိုက်ကြပါစို့

မောင်စိန်အိ(နဘဲမြေ)



လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ရွှေ့ပြောင်းတောင်ယာဖော်ထုတ်မှု၊ သစ်ထုတ်လုပ်မှု၊ မီးသွေးထုတ်လုပ်မှုနှင့် မြို့ပြအဆောက်အအုံများ ဖော်ထုတ်မှုများကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးလာလျက်ရှိသည်။ အချို့ဒေသများဆိုလျှင် သဲကန္တာရများဖြစ်ပေါ်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် မိုးခေါင်ရေရှားမှုနှင့် စားရေရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ပျိုးထောင်ထားသင့်**

မိုးရာသီတွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်ရန်အတွက် နွေရာသီကတည်းက ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ရတနာတန်းဝင်ပင်များ၊ စားပင်၊ သီးပင်များ၊ လေကာ၊ ရေကာပင်များစသည်ဖြင့် စုံလင်အောင် ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ပျိုးအိတ်ဖြင့် လည်းကောင်း၊ ပျိုးပေါင်လုပ်၍ လည်းကောင်း သင့်တော်သလိုပျိုးထောင်နိုင်သည်။ ပျိုးပင်ရှင်သန်ဖြစ်ထွန်းရေးအတွက် စနစ်တကျပြုစုရန်လိုသည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသည့်အပင်များကို ပိုမိုစိုက်ပျိုးထားသင့်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ကျွန်းပင်နှင့် စိန်တစ်လုံး၊ မချစ်စုသရက်ပင်တို့ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ သရက်၊ ပိန္နဲ၊ တညင်း စသည့်နှစ်ရှည်စားပင်များစိုက်ပျိုးထားမည်ဆိုလျှင် မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးမည့်နေရာကို နွေရာသီကတည်းကပေါင်းရှင်းထားရမည်။ ထို့နောက် စိုက်ပျိုးမည့်အပင်အမျိုးအစားပေါ် မူတည်၍ သင့်တော်သည့်အကွာအဝေးအတိုင်း မြေကျင်းများ တူးထားရမည်။ မြေကျင်းကိုအနည်းဆုံး အကျယ်နှစ်ပေပတ်လည်၊ အနက် တစ်ပေခန့်တူးထားသင့်ပြီးနွားချေး၊ဆိတ်ချေးနှင့် အခြားသောမြေဆွေးများ ထည့်ကာ ရေလောင်းကာနှပ်ထားရမည်။

**စတင်စိုက်ပျိုး**

မိုးဖြိုင်ဖြိုင်ကျသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်သည်။ ဇွန်လဆန်းတွင်စိုက်ပျိုးထားသည့် အပင်များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရှင်သန်ဖြစ်ထွန်းလေ့ရှိသည်။ ပျိုးပင်များကို သစ်ပင်စိုက်ပျိုးမည့်နေ့ရောက်မှသာ ပျိုးပေါင်မှနုတ်ယူသင့်ပြီး ပျိုးပင်များသယ်ယူရာတွင်လည်း အထူးဂရုစိုက်ရန်လိုသည်။

**ရှင်သန်ဖြစ်ထွန်းရန်လို**

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားဖြင့်စနစ်တကျခွဲ၍ မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖို့ပြီး စိုက်ရမည်။ မြေကျင်းကိုလည်း စနစ်တကျဖို့ရန်လိုအပ်သည်။ မြေကျင်းထဲတွင် ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန်လိုသည်။ ပျိုးပင်များကို ရေဝပ်ထဲ၌ပင် ဖြစ်သလိုစိုက်ထားမည်ဆိုလျှင် ထိုအပင်မျိုးသည် ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးသည်။

စင်စစ်အားဖြင့် သစ်ပင်တစ်ပင်ကို စိုက်ပျိုးမည်ဆိုလျှင် ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့် စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာ စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည် ဖြစ်သည်။

**တစ်ပင်စိုက် တစ်ပင်ရှင်ရန်လို**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧက ၂၂၀၀၀ ကျော်တွင် အပင်ပေါင်း ၂၂ ဒသမ ၃ သန်းကျော် စိုက်ပျိုးနိုင်ရန် စီမံချက်ရေးဆွဲလုပ်ဆောင်ခဲ့သည်။ အပူပိုင်းဇုန်ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၃ ခုတွင် အထူးစီမံချက်ဖြင့် တစ်ရွာလျှင် နှစ်ဧက ရှိသော ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခဲ့သည်။ စိုက်ပျိုးသည့် သစ်မျိုးများကိုလည်း **တစ်ပင်စိုက် တစ်ပင်ရှင်အောင်** တစ်ရွာလျှင် ဝန်ထမ်းတစ်ဦး သတ်မှတ်တာဝန်ပေးဆောင်ရွက်ခဲ့သည်။

> ❝သစ်တောသစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်တို့ကို ထိန်းသိမ်းရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတု ပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်❞

**အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်**

အထူးသဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နှင့် ပင်းတယမြို့ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်တွင် ပျိုးပင် ၂၇၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိပြီးဖြစ်သည်။ စိုက်ခင်းတည်ထောင်ရန် မြေကျင်းတူးခြင်းနှင့် မြေဩဇာထည့် ကျင်းဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ မိုးရာသီတွင်သစ်ပင်စိုက်ပျိုးရန် အသင့်အနေအထားရှိနေပြီဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်ပြီး ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်များစိုက်ပျိုးခဲ့ရာ သစ်တောထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် သစ်တောဧရိယာဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး သစ်တောပြုန်းတီးမှုကိုလည်း လျော့နည်းအောင် ထိန်းသိမ်းနိုင်ခဲ့သည်။

**အလေးထားလုပ်ဆောင်**

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည်။ စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန်အတွက် နေရာဒေသနှင့်ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျမြေပြုပြင်မှု၊ ရေနှင့်မြေအစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ကျင်းအကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထားဆောင်ရွက်ရမည်။ စိုက်ပျိုးထားသောသစ်ပင်များ ဖြစ်ထွန်းရေးအတွက် ထိုသစ်ပင်စိုက်ပျိုးသူများက ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ကြရမည်။

**အကျိုးကျေးဇူးများပြား**

ထိုသို့ ရှင်သန်ဖြစ်ထွန်းလာသော သစ်ပင်၊ သစ်တောများသည် လူနှင့် တိရစ္ဆာန်များ အသက်ရှင်ရန် အဓိကလိုအပ်သည့်အောက်ဆီဂျင်ကိုထုတ်ပေးပြီး ကျန်းမာရေးကိုထိခိုက်နိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို စုပ်ယူပေးနိုင်သည်။ ထို့ပြင် အပူဒဏ်ကိုကာကွယ်ပေးနိုင်သည့်အပြင် မြေဆီလွှာကိုပါ ထိန်းသိမ်းပေးနိုင်သည်။ မိုးရာသီတွင် မိုးရေကိုထိန်းသိမ်းထားနိုင်သဖြင့် ရေကြီးရေလျှံမှုများကိုလည်း ကာကွယ်နိုင်သည်။ အထူးသဖြင့် ရာသီဥတုမှန်ကန်လာသောကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကောင်း၍ ကျေးလက်နေပြည်သူများ၏လူမှုဘဝမြင့်မားလာမည်ဖြစ်သည်။

သစ်တောသစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်တို့ကို ထိန်းသိမ်းရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ အထူးသဖြင့် **အနာဂတ်မျိုးဆက်များအား စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး မြေဆီစိုခိုက်တွင် သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့**ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား။ ။ နေ့စဉ်ထုတ်သတင်းစာများ။**

# ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၇

၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မလေးရှားဝိုင်ကျေးရွာအုပ်စု တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ်-၁၃ မေတ္တာအေးကျေးရွာအနီး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ သတ်မှတ်နေရာတွင် ပျိုးပင်ကို စတင်စိုက်ပျိုးပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများအလိုက် မဟော်ဂနီ၊ ပျဉ်းကတိုး၊ ပိတောက်၊ ပျဉ်းမ၊ မန်ဂျန်ရှားနှင့် ခရေစသည့် ပျိုးပင် စုစုပေါင်း ၇၅၈၀ ကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)





# ရေကြည်မြို့နယ်၌ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းသရုပ်ပြပွဲ ကျင်းပ

ရေကြည် ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကိုင်းချောင်ကျေးရွာ တောင်သူ ဦးအေးသောင်း၏ ကွင်းအမှတ်(၄၄၈ A) ဦးပိုင်အမှတ်(၁၁၂/၃) လယ်မြေ လေးဧကတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး အတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်း မြေမြှုပ်ခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုင်းချောင်ကျေးရွာ၊ ဆပ်ကွင်းကျေးရွာနှင့် ယိုးဒယားတက်ကျေးရွာတို့မှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ထိုသို့ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် လေမှ နိုက်ထရိုဂျင်ဓာတ်ကို စုပ်ယူပြီး အပင်ကြီးထွားဖြစ်ထွန်းမှုအတွက် အသုံးပြုနိုင်မည်ဖြစ်ကာ မြေဆီလွှာအား အဓိကအားဖြင့် နိုက်ထရိုဂျင်ဓာတ်ကို ဖြည့်တင်းပေးခြင်းဖြစ်သဖြင့် ဓာတ်မြေဩဇာ ကုန်ကျစရိတ်သက်သာပြီး တောင်သူများ၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၇

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် ကျန်းမာရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က အဆိုပါကျောင်းရှိ မြကန်သာခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ဦးမင်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းထွန်းက လူငယ်နှင့် မူးယစ်ဆေးဝါးများအန္တရာယ် အကြောင်း၊ မိုးရာသီတွင် ဖြစ်ပွားသော ကူးစက်ရောဂါများ အကြောင်း၊ ကျောင်းကျန်းမာရေးနှင့် ဆက်စပ်သော အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ဝေဘာဂီစခန်းမှူး ရဲအုပ်နေမျိုးလှိုင်က လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲခြင်း၏ ပြစ်မှု၊ ပြစ်ဒဏ်များစသည့် အသိပညာ ဗဟုသုတများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# ဟင်္သာတမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားပြုလုပ်

ဟင်္သာတ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် လက်ပံကုန်းကျေးရွာ ကွင်း ၁၅၉၂၊ ဦးပိုင် ၇၆/၂ ရှိတောင်သူ ဒေါ်ညိုညိုစန်းပိုင် လယ် ၁၀ ဧက၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမျိုးမြင့်က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)များကို လက်တွေ့ ထယ်ထိုးထည့်သွင်း သရုပ်ပြသခြင်းပြုလုပ်ခဲ့ရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြည် ဇွန် ၇

ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ဇွန် ၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက အစားအသောက်၊ ဆေးဝါးနှင့် အလှကုန် ဘေးကင်းလုံခြုံစိတ်ချစေရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဟောပြောပွဲ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူး ဒေါ်မေသန်းနိုင်က အစားအသောက်၊ ဆေးဝါးနှင့် အလှကုန် ဘေးကင်းလုံခြုံစိတ်ချစေရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးနှင့် ပြည်ခရိုင်အစားအသောက်နှင့် ဆေးဝါး



ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များသည် သင်တန်းကျောင်းရှိ စားသောက်ဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)



# ဝါးခယ်မမြို့နယ်၌ သစ်စိမ်းမြေဩဇာ မြေမြှုပ်ထည့်သွင်းဆောင်ရွက်

ဝါးခယ်မ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ကြာဖြူကျေးရွာအုပ်စု တောင်သူ ဦးဝင်းဗိုလ်၏ လယ်မြေ သုံးဧကတွင် ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး ဦးကြီးတော်ကျေးရွာအုပ်စု ဂုံမင်းချောင်းကျေးရွာရှိ တောင်သူ ဦးမြင့်စိန်နှင့် တောင်သူ ဦးကျော်ကျော်၏ လယ်မြေ ငါးဧကတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်အတွက် ပျိုးဗန်းများဖြင့် ပျိုးထောင်နေမှုအခြေအနေကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လွှမ်းသီဟ(ဝါးခယ်မ)

ဝတ္ထုတို

## ခင်ဇော်(သီတာကုန်းပြင်)




(၁)

“ဒီသီတာကုန်းပြင် နယ်တစ်ခုလုံးမှာ ဖြိုးအောင်ကလွဲရင် တခြားရွေးစရာ ယောက်ျားမရှိတော့ဘူးလို့ ထင်နေတာလား ပန်းအိရယ်”

လယ်ထွန်သားတွေ မနက်စာအတွက် မနက်စောစောထချက်ပြုတ်ကာ လယ်ထဲထမင်းဟင်းသွားပို့ခဲ့ပြီး၍ အိမ်ပြန်ရောက်ကာစရှိသေး ထိုင်ခုံပေါ်က ပန်းအိမိခင်ဖြစ်သူ ဒေါ်ရွှေအိပြောလိုက်သည့် စကားကြောင့် ပန်းအိတစ်ယောက်အမေ့မပြေဖြစ်ရသည်။ ဆယ်ကျော်သက်ကတည်းက ငယ်ချစ်ဖော်ဖြိုးအောင်နှင့် သံယောဇဉ်ကြိုးရစ်ပတ်ပျိုးသည့်အချိန်မှစ၍ ဖြိုးအောင်ကို ဘဝလက်တွဲဖို့ ရွေးချယ်ခဲ့ရသည်နှင့် ပတ်သက်၍ ပန်းအိသည် မိခင်ဒေါ်ရွှေအိ၏ ပြစ်တင်ပြောဆိုမှုကို နေ့စဉ်နဲ့အမျှခံစားလာခဲ့ရသည်။ ဒေါ်ရွှေအိက ဆူပူကြိမ်းမောင်းပြောဆိုလေလေ ပန်းအိစိတ်ညစ်ရလေလေဖြစ်၏။ ဒေါ်ရွှေအိကလည်း သမီးဖြစ်သူကို ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် အမျိုးမျိုးစည်းရုံးသိမ်းသွင်းလျက်ရှိသည်။

ယခုလည်း ပန်းအိသည် ဒေါ်ရွှေအိ၏ စကားကိုမကြားသလိုဟန်ပြု၍ ဇလုံထဲသို့ လျှော်ရန်အဝတ်များကို အတင်းထိုးကျိတ်ထည့်ကာ ရေစင်သို့ ရှောင်ထွက်သွားရန် ဟန်ပြင်လိုက်၏။ သို့သော် သမီးဖြစ်သူ၏ အရိပ်အကဲကို နားလည်သော ဒေါ်ရွှေအိက

“ဟဲ့ ဘယ်သွားမလို့လဲ မိပန်းအိ။ ခဏနေဦး ငါ့စကားမဆုံးသေးဘူး”

“နေ့တိုင်း ဒီစကားပဲပြောပြောနေတာ မမောဘူးလား အမေရယ်။ သမီးကျောပူခံနိုင်တယ်၊ နားပူတာတော့ မခံနိုင်လို့ပါနော်”

“အမယ် အမယ် ငါမွေးတဲ့သမီးကများ ငါ့ကိုယ်ပြန်ပြီးခနဲ့ပြောရသေး”

“မဟုတ်လို့လား အမေရယ်၊ တစ်နေ့တစ်နေ့ အမေ့မှာ ပြောစရာတခြားစကား မရှိတော့ဘူးလား အမေရယ်”

“နင့်ကို အဲဒီလိုနေ့တိုင်းပြောနေရတာ ငါတို့တွေအတွက် မဟုတ်ဘူး။ နင့်ဘဝ တစ်သက်လုံး ကောင်းစားဖို့အတွက် ပြောနေရတာဟဲ့။ တော်ပြီ ငါရှည်ရှည်ဝေးဝေးစကားပြောမနေတော့ဘူး၊နောက်နှစ် စပါးသိမ်းပြီးရင် နင့်ကို ကိုအေးသန်းရဲ့သား မျိုးသန့်နဲ့ပေးစားဖို့ လူကြီးချင်းစကားပြောပြီးပြီဒါပဲ”

ဒေါ်ရွှေအိထံမှ မမျှော်လင့်သည့် စကားကို ကြားလိုက်ရသည့်အတွက် ပန်းအိရင်ထဲ နင့်ခနဲဖြစ်သွား၏။ မျိုးသန့်နှင့်သူသည် တစ်ရွာထဲနေငယ်သူငယ်ချင်းပင်ဖြစ်၏။ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်သလို မိဘများကလည်း အရောင်းအဝယ်လုပ်ငန်းများဖြင့် ပြည့်စုံချမ်းသာကြသလို မျိုးသန့်ကလည်း မြို့ပေါ်ဘဏ်တစ်ခုတွင် ပုဂ္ဂလိကဘဏ်ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ ပညာအရည်အချင်း၊ ပစ္စည်းဥစ္စာနဲ့ပတ်သက်ပြီး ငြင်းစရာမရှိသော်လည်း ပန်းအိ မကြိုက်နှစ်သက်သော အချက်တစ်ချက် မျိုးသန့်ထံ၌ ရှိပါသည်။ အဲဒီအချက်ကား ကိုယ့်ဇာတိ၊ ကိုယ့်ချက်မြှုပ်ရွာကို အထင်မကြီး၊ တန်ဖိုးမထားဘဲ မြို့နေလူတန်းစားများ အထင်ကြီး အားကျသည့်စိတ်ပင်ဖြစ်၏။ ထို့ကြောင့်လည်း ဘွဲ့ရသည်နှင့် မြို့တွင် အလုပ်ရှာ၍ ဘဏ်ဝန်ထမ်းလုပ်ခဲ့ခြင်းဖြစ်သည်။

“ငါ့ဘဝကို တောမှာပဲ ဇာတ်မသိမ်းချင်ဘူး သူငယ်ချင်း။ မြို့မှာ ငါ့ဘဝကို အခြေချမယ်။ အိမ်ထောင်ပြုရင်လည်း မြို့သူကိုပဲ ရွေးမယ်”

တစ်ချိန်က မျိုးသန့်သည် သူ၏ဘဝခံယူချက်ကို ပန်းအိအား ပြောပြဖူး၏။ မျိုးသန့်၏စိတ်ထဲတွင် ပန်းအိအပေါ် မည်သို့မည်ပုံရှိမည်ကို မသိသော်လည်း မျိုးသန့်ကို လက်ထပ်ဖို့ဆိုသည့်အတွေးကို ပန်းအိ မည်သို့မျှတွေး၍ မရနိုင်သည့်အတွက် ဒေါ်ရွှေအိ၏ဆန္ဒကို ခါးခါးသီးသီးပင် ငြင်းလိုက်ပါသည်။

“အမေတို့နဲ့စာရင် မျိုးသန့်ရဲ့စိတ်ကို သမီးအသိဆုံးပဲ။ သူက မြို့မှာပဲအခြေချမယ့်သူ။ သူနဲ့လက်ထပ်ဖို့ကိစ္စ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ အမေတို့အစီအစဉ်ကို ဖျက်လိုက်ကြပါ။ သမီး ကိုယ့်ရွာ ကိုယ့်ဇာတိကိုထားပြီး ဘယ်မြို့မှလိုက်မနေနိုင်ဘူး”

“ဒီမယ်ပန်းအိ..မိဘက ကိုယ့်သားသမီးကောင်းစားဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ စီစဉ်တာ။ မျိုးသန့်ရဲ့မိဘတွေဆိုရင် သူ့သား အိမ်ထောင်ကျရင်နေဖို့ဆိုပြီး မြို့မှာ အိမ်နဲ့ခြံတောင်ဝယ်ထားပြီးပြီ။ မိဘလက်နဲ့ရေးတာ ခြေနဲ့မဖျက်စမ်းပါနဲ့ ပန်းအိရယ်။ ပြီးတော့ နင့်ဟိုအကောင်ကို ဘာတွေအထင်ကြီးလို့ ဒီလောက်တမ်းတမ်းစွဲဖြစ်နေရတာလဲ”

“ဒီမယ်အမေ.. ဖြိုးအောင်နဲ့ပတ်သက်ပြီး ဘယ်သူမှအထင်ကြီးကြီး မကြီးကြီး သမီးအထင်ကြီးတယ်အမေ။ သူက ရိုးသားတယ်၊ ကြိုးစားတယ်၊ တစ်နေ့ကျရင် သူအောင်မြင်လိမ့်မယ်ဆိုတာ သမီး ယုံကြည်တယ်”

“အမယ်လေးအရပ်ကတို့ရေ မိဘစကားကို မျက်ကွယ်ပြုပြီး ရည်းစားဘက်က ရှေ့နေလိုက်နေလိုက်တာ ကြားလို့မှကောင်းကြသေးရဲ့လား။ နင့်အကောင်က ဘွဲ့ရပညာတတ်ဖြစ်ပြီး တစ်နေ့တစ်နေ့ လယ်ထဲမှာပဲ တစ်နေကုန် ရွှံ့ဗွက်လူးပြီး နွားလိုက်ျလိုနေချင်တဲ့သူလေ။ ဒီလိုလူမျိုးရဲ့လက်ထဲ နင့်ကိုထည့်မပေးနိုင်ဘူး။ အဲဒီတော့ နင့်ခေါင်းထဲမှာ မျိုးသန့်ကိုပဲ လက်ထပ်ရမယ်လို့ မြဲမြဲတွေးထား ဒါပဲ”

ဒေါ်ရွှေအိသည် ဒေါသတကြီးဖြင့် ပြောဆိုကြိမ်းမောင်းပြီး အိမ်အောက်သို့ ဆင်းသွားသော်လည်း လယ်တောမှာ ပျော်မွေ့၍ ဘဝတိုးတက်ရေးအတွက် ရုန်းကန်ကြိုးစားနေသော ချစ်သူ ဖြိုးအောင်၏ အပြစ်ကင်းစင်လှသော မျက်နှာလေးကိုမြင်ယောင်ရင်း ပန်းအိသည် ကြည်နူးခြင်းအပြုံးတစ်ချက်ကို မသိမသာပြုံးလိုက်မိပါသည်။

(၂)

ယနေ့တွင် ကွင်းချောင်းရွာလေးကို မြို့ပေါ်က ဌာနဆိုင်ရာလူကြီးများနှင့် အနီးအနားဝန်းကျင်က တောင်သူများသည် အက်စ်အာရ်အိုင် (SRI) စနစ်ဖြင့် စိုက်ပျိုးထားသည့် ဖြိုးအောင်၏လယ်ငါးဧကရိတ်သိမ်းမှုကို လာရောက်ကြည့်ရှုကြမည်ဖြစ်သဖြင့် မနက်မိုးလင်းကတည်းက ကျေးရွာတာဝန်ခံများ၊ ရွာသားများက ဧည့်ခံကြိုဆိုရေးအတွက် ပြင်ဆင်ဆောင်ရွက်နေကြ၏။ ဖြိုးအောင်သည်လည်း စတစ်ကော်လံအဖြူအင်္ကျီ၊ ကချင်ပုဆိုးကွက်နဲ့ အလွန်တက်ကြွပြုံးပျော်နေသလို အသက် ၂၀ ကျော်အရွယ် လူငယ်တစ်ယောက်၏ နုပျိုလန်းဆန်းမှုများကို အထင်းသားမြင်နေရ၏။

မကြာမီ ဌာနဆိုင်ရာလူကြီးများရောက်ရှိလာပြီး စက်မှုလယ်ယာမှခေတ်မီကောက်ရိတ်စက်များဖြင့် ရိတ်သိမ်းကြပြီးနောက် ဖြိုးအောင်စိုက်ပျိုးထားသည့် တစ်ဧကစပါးအထွက်တင်းရေကို ရေတွက်ကြည့်ကြရာ တစ်ဧက တင်း ၁၆၀ ကျော် ထွက်ရှိတာကို တွေ့မြင်ရပါသည်။ ဟိုအရင်နှစ်များက ဒီမြေနေရာများတွင် နွေစပါးမိုးစပါးများ၏ အထွက်နှုန်းမှာ လယ်တစ်ဧကတွင် အမြင့်ဆုံးတင်း ၈၀ နှုန်းသာ ထွက်ရှိကြသောကြောင့် ဌာနဆိုင်ရာလူကြီးများနှင့် လယ်သမားကိုယ်စားလှယ်များသည် စပါးအထွက်နှုန်းစံချိန်သစ်တင်ထွက်ရှိသည့် ဖြိုးအောင်၏ အက်စ်အာရ်အိုင် စိုက်ပျိုးရေးနည်းစနစ်ကို တအံ့တဩဖြစ်ကြရသည်။

(၃)

“ယခုလိုစပါးတစ်ဧက အထွက်တိုးပွားအောင်ဆောင်ရွက်ခဲ့တဲ့ ကိုဖြိုးအောင်ရဲ့ အက်စ်အာရ်အိုင်နည်းစနစ်တွေကို ဒီနေ့ ကောက်ရိတ်သိမ်းပွဲကို တက်ရောက်လေ့လာကြတဲ့တောင်သူတွေ သိရအောင်မျှဝေပေးဖို့ တောင်းဆိုပါတယ် ကိုဖြိုးအောင်”

မြို့နယ်အုပ်ချုပ်ရေးမှူးက မိတ်ဆက်စကား ပြောကြားပြီးသည့်နောက်၌ ဖြိုးအောင်၏ စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများအား ထပ်ဆင့်မျှဝေပေးပါရန် စင်မြင့်ပေါ်ကနေ ဖိတ်ခေါ်သည့်အတွက် သွက်လက်လန်းဆန်းသော ခြေလှမ်းများဖြင့် ဖြိုးအောင်သည် စင်မြင့်ပေါ်သို့ တက်ရောက်သွားပြီး ပထမဦးစွာ ပရိသတ်ဘက်ကို ဦးညွှတ်၍အရိုအသေပေးလိုက်ပါသည်။ ထို့နောက်…

“အက်စ်အာရ်အိုင် နည်းစနစ်ဆိုတာ စပါးရဲ့အစွမ်းတွေကို အစွမ်းကုန်ထွက်ပေါ်လာအောင် ပြုလုပ်ပေးနည်းပါပဲ”

အစချီ၍ စိုက်ပျိုးရေးနည်းစနစ်အကြောင်းများကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့သည်။

(၄)

“ဟာဗျာ..ခင်ဗျားပြောတဲ့ တစ်ကေကောက်စိုက်ဖို့အတွက် မျိုးစပါးနို့ဆီဘူးလေးဘူးပဲ သုံးတယ်ဆိုတာ ဖြစ်နိုင်ပ့ါမလား။ ကျွန်တော်တို့ လယ်လုပ်လာတာ နှစ်ပေါင်း ၂၀ ရှိပြီ။ စပါးတစ်ဧက အတွက် ပျိုးထောင်မယ်ဆိုရင် အနည်းဆုံး မျိုးစပါးနှစ်တင်းနှုန်း ပျိုးကြဲထားမှ လုံလောက်တာဗျ”

တောင်သူအချို့က တအံ့တဩဖြစ်ကြရပြီး အချို့ကလည်း မဖြစ်နိုင်ကြောင်း စောဒကတက်ကြသည်။

“အစ်ကိုတို့လက်မခံတာကို ကျွန်တော်နားလည်ပါတယ်။ ကျွန်တော်လည်း အရင်နှစ်က တစ်ဧကအတွက် မျိုးစပါးနှစ်တင်း၊ သုံးတင်းလောက် သုံးစွဲခဲ့တာပါ။ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အွန်လိုင်းပေါ်က ဂရုတွေမှာ အငြိမ်းစား စိုက်ပျိုးရေးပညာရှင် ဆရာကြီးတစ်ဦးကနေ ဒီအက်စ်အာရ်အိုင်နည်းစနစ်တွေကို တောင်သူတွေ စမ်းသပ်စိုက်ပျိုးကြဖို့ မြန်မာပြည်ဒေသအနှံ့သွားပြီး ဖြန့်ဝေပေးနေတာကိုတွေ့ရပါတယ်။ ကျွန်တော်လည်း ဒီစနစ်ကို စိတ်ဝင်စားနေတာနဲ့ အဲဒီဆရာကြီးရဲ့ ဟောပြောပွဲရှိတဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့မှာ သုံးရက်ဆက်တိုက်သွားပြီး လေ့လာသင်ယူခဲ့လို့ ဒီနည်းစနစ်ကို သိခဲ့ရတာပါ။ ကျွန်တော့်စိုက်ခင်းရဲ့ ပျိုးထောင်ပုံ၊ ကောက်စိုက်ပုံ၊ တမန်းနှီးပုံ၊ သဘာဝမြေဩဇာကျွေးပုံအဆင့်ဆင့်ကို ဖုန်းနဲ့ မှတ်တမ်းတင်ထားပါတယ်။ ပြီးရင် ခါတ်ပုံတစ်ခုချင်းကို အားလုံးသိအောင် ပရိုဂျက်တာနဲ့ ပြသပေးပါ့မယ်”

တည်ငြိမ်အေးဆေးစွာဖြင့် တစ်လုံးချင်းရှင်းပြနေသော ဖြိုးအောင်၏စကားများကို ဌာနဆိုင်ရာလူကြီးများ၊ တောင်သူဦးကြီးများအားလုံး စိတ်ဝင်တစားနားထောင်နေကြသည်။ ဖြိုးအောင်ကတော့ ဆက်လက်ရှင်းပြနေဆဲ…

“အလျားသုံးပေ၊ အနံနှစ်ပေ၊ ဒုတစ်လက်မ ပေါင်လုပ်ပြီး ကုန်းပေါ်မှာပဲ ပျိုးထောင်ရတယ်။ ပျိုးသက် ၁၂ ရက်သားအရောက်မှာ ဗန်းတွေထဲကို ပျိုးပင်လေးတွေကို နုတ်ထည့်ပြီး စိုက်ပါတယ်။ ကောက်စိုက်တဲ့အခါ ပျိုးပင်တစ်ပင်နဲ့ တစ်ပင်အကွာအဝေးကို ၁၅ လက်မ ပတ်လည်ထားပြီး ကောက်ပင်တစ်ပင်ချင်းစီ စိုက်ခဲ့ပါတယ်။ ဒီလို ၁၅ လက်မ ပတ်လည်ကောက်ကွက်ရဖို့ ဒီလိုသစ်သားထွန်ခြစ်လေးလုပ်ပြီး ရှေ့ကနေပြီး ဆွဲပေးခဲ့ပါတယ်။ ၁၅ လက်မ ပတ်လည် ကောက်ကွက်နဲ့ စိုက်မယ်ဆိုရင် တစ်ဧကကို ကောက်ပင်အရေအတွက် ၂၅၀၀၀ ဝင်ပါတယ်။ စပါးပင်အပွားအစည်းစုံတဲ့အခါ စပါးတစ်ပင်ကနေ ပင်ပွားအနည်းဆုံး ၈၀ ထွက်တဲ့အတွက် အချိန်တန်တဲ့အခါ ကောက်ပင်အရေအတွက် နှစ်သိန်းဖြစ်လာပါတယ်”

ဖြိုးအောင် ပြောပြနေသည့်နည်းလမ်းများကို တောင်သူများ ခေါင်းတညိမ့်ညိမ့်နှင့် သဘောတွေ့နေကြ၏။

“ကောက်စိုက်သမ ၁၀ ယောက်အတွက် ပျိုးနုတ်၊ ပျိုးသယ်လုပ်သား နှစ်ယောက်ပဲ သုံးခဲ့ပါတယ်။ မနက် ၇ နာရီမှာ စစိုက်ခဲ့ပြီး ညနေ ၃ နာရီမှာ သုံးဧကေ ပြီးပါတယ်။ ဒီစနစ်ဟာ အချိန်မကုန်၊ လုပ်သားစရိတ်လည်း အများကြီးသက်သာတဲ့နည်းစနစ်ဖြစ်ပါတယ်။ မျိုးစပါးအတွက် ကုန်ကျစရိတ်လည်း သက်သာတယ်။ လုပ်သားစရိတ်အများကြီး သက်သာသွားတာတွေ့ရပါတယ်။ ကောက်စိုက်ပြီးနှစ်ပတ်အကြာမှာ ကောက်ပင်ကြားထဲက ပေါင်းမြက်တွေကို ရှင်းလင်းတဲ့ ပေါင်းထိုးတမန်းနှီးကိရိယာနဲ့ ပေါင်းမြက်ရှင်းလင်းရေးလုပ်ငန်းကို လုပ်ဆောင်ရပါတယ်။ လယ်ထဲမှာ ပေါက်လာတဲ့ ပေါင်းမြက်တွေကို အလကားမဖြစ်စေဘဲ မြေဩဇာအဖြစ် ပြန်လည်အသုံးပြုတဲ့ နည်းစနစ်ပေ့ါဗျာ။ ပေါင်းမြက်တွေကို ရှင်းလင်းပြီးတာနဲ့ စပါးခင်းထဲကို နွားချေး၊ ပဲမှော်တို့နဲ့ အချိုးကျပြုလုပ်ထားတဲ့သဘာဝမြေဆီကို လိုက်ကြဲပါတယ်။ ပြီးတော့ ကိုယ်တိုင်ဖော်စပ်ထားတဲ့ အီးအမ်ဖျော်ရည်တွေနဲ့ နွားသေးအရည်တို့ကို အပင်အားဆေးအဖြစ် တလှည့်စီ ဖျန်းပက်ခဲ့ပါတယ်။ ဒီနည်းလမ်းအတိုင်း သုံးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့တာ စပါးပင်မှိုကပ်ကာနီးအချိန်မှာ စပါးတစ်ပင်ရဲ့ ပင်ပွားနှုန်းဟာ အပင် ၈၀ လောက် ပွားစည်းလာတာကို တွေ့ရပါတယ်။ စပါးပင်မှာကျရောက်တတ်တဲ့ ပိုးမွှားတွေကို ကာကွယ်ဖို့အတွက် ဆေးရွက်ကြီး၊ တမာဆီ၊ ဂျင်း၊ ငရုတ်သီးတို့နဲ့ ကိုယ်တိုင်ပြုလုပ်ထားတဲ့ သဘာဝပိုးနှင် ဆေးကိုပဲ သုံးစွဲခဲ့ပါတယ်။ ခုရိတ်သိမ်းပြီးတဲ့ ကျွန်တော်ရဲ့ စပါးခင်းမှာ နိုင်ငံခြားကနေ တင်သွင်းတဲ့ ဓာတုဆေးလုံးဝမသုံးစွဲခဲ့ပါဘူး။ လာမည့်နှစ်စပါးရာသီမှာ ဒီနည်းစနစ်နဲ့ စိုက်ပျိုးချင်တဲ့တောင်သူတွေရှိရင် ကျွန်တော့်ကို ဆက်သွယ်ပါ။ လယ်ကွင်းထဲအထိ လာပြီး ကျွန်တော် ကူညီဆောင်ရွက်ပေးပါ့မယ်။ လယ်သမားတွေရဲ့အောင်ပွဲဟာ နိုင်ငံတော်ရဲ့အောင်ပွဲဖြစ်လို့ လယ်ယာကဏ္ဍမြှင့်တင်ရေးအတွက် ကျွန်တော့်ဘက်က အစွမ်းကုန် ကူညီဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျာ"

ကောက်ရိတ်သိမ်းပွဲ ကျင်းပရာ လယ်ကွင်းပြင်မဏ္ဍပ်ဆီမှ ထွက်ပေါ်လာသောလက်ခုတ်သံများသည် မဏ္ဍပ်အတွင်းမှသည် ကွင်းချောင်းရွာအတွင်းသို့တိုင် ပျံ့လွင့် ရောက်ရှိသွားလေတော့၏။ မြို့နယ်အုပ်ချုပ်ရေးမှူးက …

“လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ယနေ့ခေတ်လူငယ်တွေ စိတ်မဝင်စားဘဲ မျက်ကွယ်ပြုနေကြတဲ့ အချိန်မှာ ကိုဖြိုးအောင်လို ခေတ်ပညာတတ်လူငယ်တစ်ယောက်က ခေတ်စနစ်နဲ့အညီ လယ်ယာစိုက်ပျိုးရေးစနစ်ကို အသွင်ပြောင်းပြီး တစ်ဧကကုန်ကျစရိတ်လည်း သက်သာပြီး အထွက်တိုးနည်းလမ်းများကို ဖော်ဆောင်ခဲ့တဲ့အတွက် အထူးပင်ချီးကျူးဂုဏ်ပြုပါတယ်။”

(၅)

တောင်သူများ အားလုံးပြန်သွားကြပြီးနောက် နောက်ဆုံးထိုင်ခုံတွင် ထိုင်နေကြသော အမျိုးသမီးနှစ်ဦး၏ မြင်ကွင်းကြောင့် ဖြိုးအောင် တအံ့တဩဖြစ်ရသည်။ သူ့ချစ်သူပန်းအိတို့ သားအမိပင်တည်း။ ပန်းအိက ဖြိုးအောင်ကို ချစ်သော၊ အထင်ကြီးသော၊ လေးစားသော အကြည့်များနှင့်ကြည့်ရင်း အနားကိုရောက်လာ၏။ ပန်းအိနောက်တွင် ဒေါ်ရွှေအိလည်း ကပ်ပါလာသည်။ ဖြိုးအောင်သည် မမျှော်လင့်ဘဲ လတ်တလောကြုံရသည့် အခြေအနေကြောင့် အသက်ရှူဖို့ပင် မေ့နေ၏။

“အစ်ကို ပင်ပန်းသွားပြီလား၊ အမေက ညနေကျရင် ပန်းအိတို့အိမ်ကို ထမင်းလာစားဖို့ ဖိတ်ခိုင်းလို့ လာပြောတာ။ သွားတော့မယ်နော်”

ပန်းအိသည် ရက်ပြုံးလေးဖြင့် အမြန်ပြောရင်း ခေါင်းလေးငုံ့ကာ အမြန်လှည့်ထွက်သွား၏။ တဖန် ဖြိုးအောင်သည် ဒေါ်ရွှေအိ၏မျက်နှာကို မကြည့်ရဲကြည့်ရဲဖြင့် အရဲစွန့်ပြီး ကြည့်လိုက်မိရာ သူ့ကို ပြုံးပြနေသည်ကို တွေ့ရပြန်သည်။ ဒေါ်ရွှေအိ၏အပြုံးသည် သူနှင့်ပန်းအိတို့၏သာယာလှပသောအနာဂတ်ဖြစ်ကြောင်း နားလည်လိုက်ပါတော့သည်။ ။

ဆောင်းပါး

# ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ် စုပေါင်းအားဖြင့် တို့ဆောင်ရွက်

■ နှင်းရည်စိုး(ဘိုကလေး)

### ပလတ်စတစ်နှင့် ကျန်းမာရေးပြဿနာ

ပလတ်စတစ်ဆိုသည်မှာ လူလုပ်ပစ္စည်းတစ်မျိုးဖြစ်ပြီး ဓာတုပစ္စည်းများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့မှ ထုတ်လုပ်ထားပြီး ပေါ်လီမာများ အခြေခံထားသည့်ပစ္စည်းများဖြစ်လေသည်။ ပလတ်စတစ်ဟူသည့် ဝေါဟာရသည် ဂရိဘာသာစကားမှဆင်းသက်လာ၍ 'ပုံသွန်းရန်သင့်သောပစ္စည်း'ဟု အနက်ရလေသည်။ နှစ်ပေါင်းအတော်ကြာစွာပင် ပုံသွန်းရလွယ်သောပစ္စည်းများကိုလည်းကောင်း၊ ဖိအားဖြင့်ပုံပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ပလတ်စတစ်ပစ္စည်းအဖြစ် အသုံးပြုခဲ့ကြသည်။ ထိုပစ္စည်းတို့တွင် မြေစေး၊ ကော်ဖတ်နှင့် သတ္တုအချို့ ပါဝင်လေ၏။

ပလတ်စတစ်သည် မျက်မှောက်ကာလတွင် ဈေးပေါပြီး အရေအတွက်များစွာ ရရှိနိုင်သည့် ထုပ်ပိုးပစ္စည်းအရင်းအမြစ်ဖြစ်လေသည်။ လူတို့၏ နေ့စဉ်ဘဝတွင် ပလတ်စတစ်ကို အသုံးပြုနေရသော်လည်း ပလတ်စတစ်ညစ်ညမ်းမှုများကြောင့် လူနှင့် တိရစ္ဆာန်တို့သာမက ဂေဟစနစ်တစ်ခုလုံးကိုပါ ဘေးဥပဒ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်ဖြစ်လာလေသည်။

ပလတ်စတစ်ကို ၁၉ ရာစုတွင် ပထမဆုံး စတင်တီထွင်အသုံးပြုလာကြပြီး ၂၀ ရာစုတွင် ရေနံဓာတုဗေဒနည်းပညာဖွံ့ဖြိုးလာကာ ဈေးပေါပြီး စွယ်စုံသုံး ပလတ်စတစ်များ ထွန်းကားလာခဲ့ပါသည်။ ပလတ်စတစ်များကို ထုပ်ပိုးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဆိုင်ရာကြိုးအခွံများ စသည့်နေရာအနှံ့အပြားတွင် အလွယ်တကူသုံးစွဲလာကြလေသည်။

ပလတ်စတစ်အိတ်ထုတ်လုပ်မှုသည် နှစ်ပေါင်း ၇၀ အတွင်း အဆ ၂၃၀ နီးပါး မြင့်မားလာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တန်ချိန်သန်း ၄၆၀ အထိ ထုတ်လုပ်ခဲ့ရာ နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၃၈၀ ကျော် ထုတ်လုပ်လျက်ရှိပါသည်။ ပလတ်စတစ်အိတ်များသည် ရုပ်ကြွင်းလောင်စာများအဖြစ်စတင်ကာ အမှိုက်ပုံများနှင့် သမုဒ္ဒရာများတွင် စွန့်ပစ်ပစ္စည်းများအဖြစ် အဆုံးသတ်လေသည်။ ငှက်များသည် ကြေမွနေသော ပလတ်စတစ်အိတ်များကို အစာအဖြစ် မကြာခဏမှားယွင်းစားသောက်မိပြီး သေကြရလေသည်။ ထို့အပြင် ငါးများ၊ ဆာလောင်မွတ်သိပ်နေသော ပင်လယ်လိပ်များသည် ရေခူနှင့် ရေပေါ်ပလတ်စတစ်ဈေးဝယ်အိတ်များကို ခွဲခြားနိုင်စွမ်းမရှိတော့ဘဲ စားသောက်ရာမှ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်ရလေသည်။

### ပလတ်စတစ်အန္တရာယ် သတိပြုကာကွယ်

ပလတ်စတစ်ညစ်ညမ်းမှုသည် ကျန်းမာရေးအပေါ်တွင်သာမက ကမ္ဘာ့သယံဇာတအရင်းအမြစ်များနှင့် ကမ္ဘာကြီးပူနွေးလာမှုအပေါ်တွင်လည်း သက်ရောက်မှုရှိနေပါသည်။ ကမ္ဘာပေါ်တွင် အနှစ် ၆၀ ကျော်အတွင်း ထုတ်လုပ်သုံးစွဲလာခဲ့သည့် ပလတ်စတစ်အလေးချိန်သည် ဆင်အကောင် ၁ ဘီလီယံခန့်၏ အလေးချိန်နှင့် တူနေသည်ဟု အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ၂၀၁၇ ခုနှစ်တွင် အစီရင်ခံစာထုတ်ပြန်ဖူးလေသည်။

ထိုပမာဏသော ပလတ်စတစ်အပိုင်းအစများသည် ပင်လယ်နေသတ္တဝါများနှင့် လူသားများ၏ ခန္ဓာကိုယ်အတွင်းသို့ရောက်ရှိနေပြီး ထိုအတိုင်းသာ ဆက်သွားနေပါက အနာဂတ်တွင် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ ရောဂါအမျိုးမျိုးနှင့် ဗိုင်းရပ်စ်အသစ်များ ဆင့်ပွားဖြစ်ပွားလာနိုင်ကြောင်း ပညာရှင်တို့က ထောက်ပြကြလေသည်။

ထုတ်လုပ်သမျှသော ပလတ်စတစ်ပစ္စည်းများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် မြစ်ချောင်း၊ အင်းအိုင်များနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိသွားကြောင်း၊ ၁၅ ရာခိုင်နှုန်းအောက်သာ ပြန်လည်ပြုပြင်သုံးစွဲကြကြောင်း သိရလေသည်။ ထို့ကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ၉၃၇ သန်း တန်ချိန်ရှိသော ပလတ်စတစ်များနှင့် ၈၉၅ သန်း တန်ချိန်ရှိသော ငါးများသည် ပင်လယ်အတွင်း ပြည့်နှက်နေလိမ့်မည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ၂၀၁၆ ခုနှစ်က တင်ပြဖူးလေသည်။

မိုက်ခရိုပလတ်စတစ်နှင့်ပတ်သက်၍ အရွယ်နောက်ကျပြီး ကျန်းမာသန်စွမ်းသူ ၂၂ ဦး၏ သွေးနမူနာများအနက် ၁၇ ဦးတို့၏ သွေးများထဲတွင် ပလတ်စတစ်အမှုန်အမွှားများ တွေ့ရှိရကြောင်း စစ်ဆေးမှုရလဒ်များက ဖော်ပြလေသည်။ အဆိုပါ ပလတ်စတစ်အမှုန်အမွှားများသည် လူအများနေ့စဉ်အသုံးပြုနေသည့် တစ်ခါသုံးခွက်များ၊ ပလတ်စတစ်ရေဘူးများ၊ အစားအစာထုပ်ပိုးသောအိတ်များ ပြုလုပ်သည့် ပိုလီအီသိုင်းလင်းပါဝင်သည့် ပလတ်စတစ်ပစ္စည်းများကို အဓိကထားထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သုတေသနပြု လေ့လာစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါသေးငယ်လှသည့် ပလတ်စတစ်အမှုန်အမွှားများသည် ညစ်ညမ်းသောလေကို ရှူရှိုက်မိခြင်းဖြင့် အစားအစာ၊ သောက်သုံးရေတို့မှတစ်ဆင့် လူခန္ဓာကိုယ်အစိတ်အပိုင်းများအတွင်းသို့ ပျံ့နှံ့ရောက်ရှိသွားပြီးနောက် ယင်းပလတ်စတစ်အမှုန်အမွှားများကြောင့် လူ့ခန္ဓာကိုယ်ဆဲလ်များကို ပျက်စီးစေပြီး ယင်း၏အကျိုးဆက်ကြောင့် နှစ်စဉ် လူသန်းပေါင်းများစွာ အချိန်မတိုင်မီ သေဆုံးကြရလေသည်။

### မိုက်ခရိုပလတ်စတစ်နှင့် ပင်လယ်သမုဒ္ဒရာညစ်ညမ်းမှုများ

မိုက်ခရိုပလတ်စတစ်ဆိုသည်မှာ ပလတ်စတစ်တစ်ခု ပြိုကွဲသွားပြီးနောက် ဖြစ်ပေါ်လာသည့် ပလတ်စတစ်အမှုန်အမွှားများဖြစ်ပါသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ နေ့စဉ်အသုံးပြုနေသော ပလတ်စတစ်ပစ္စည်းများသည် လူတို့၏လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ စက်မှုလုပ်ငန်းများကြောင့်ဖြစ်စေ၊ စိုက်ပျိုးရေးလုပ်ငန်းများကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေတစ်ခုခုကြောင့်ဖြစ်စေ၊ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှု(UV)ကြောင့်ဖြစ်စေ သေးငယ်သော မိုက်ခရိုပလတ်စတစ်အစိတ်အပိုင်းများအဖြစ် ပြိုကွဲပြောင်းလဲသွားနိုင်လေသည်။

အဆိုပါပလတ်စတစ် အမှုန်အမွှားများသည် မြေထု၊ ရေထု၊ လေထုတို့တွင် ပျံ့နှံ့ရောက်ရှိနေပြီး လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပါသည်။ ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှုသည် အရေးတကြီးဖြေရှင်းရမည့် လူမှုကိစ္စတစ်ခု ဖြစ်ပါသည်။

အရွယ်အစား ၅ မီလီမီတာအောက် သေးငယ်သော မိုက်ခရိုပလတ်စတစ်များသည် အဏ္ဏဝါရေထုထဲတွင် စွန့်ပစ်ခြင်းမှတစ်ဆင့် နှစ်စဉ်တန်ချိန်များစွာ ရောက်ရှိနေပြီး ပင်လယ်ထဲရှိ ရေနေသတ္တဝါများ၊ စားသောက်ပုံဆင့်ကဲဖြစ်စဉ်၏ အဓိကအရေးပါသော အလွန်သေးငယ်သည့် အပင်ငယ်မှသည် ကျောရိုးမဲ့သတ္တဝါများ၊ ရေငန်ငါးများနှင့် ရေနေနို့တိုက်သတ္တဝါများဖြစ်သည့် ဝေလငါး၊ ဖျံ၊ ရေဝက်၊ အဏ္ဏဝါ ဂေဟစနစ်ကို ဟန်ချက်ထိန်းညှိပေးသည့် ပင်လယ်လိပ်များနှင့် အဏ္ဏဝါဂေဟစနစ်၏ ကောင်းမွန်သော ဇီဝအညွှန်းကိန်းများဖြစ်သော ပင်လယ်ပျော်ငှက်များ၏ ကိုယ်အတွင်းသို့ အခြားအစားအစာများနှင့် ရောနှော၍သော်လည်းကောင်း၊ အစာဟုထင်မှတ်ပြီး စားမိခြင်းကြောင့်လည်းကောင်း ဝင်ရောက်သွားခြင်းကြောင့် ပလတ်စတစ်များသည် နောက်ဆုံးတွင် လူအပါအဝင် သက်ရှိလောက၏ အစာကွင်းဆက်များအတွင်းသို့ ပြောင်းရွှေ့ဝင်ရောက်နေရာယူကာ လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်မှုကို ခြိမ်းခြောက်လာပြီဖြစ်လေသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ပင်လယ်ရေပြင်အတွင်း ပထမဆုံး ဆောင်ရွက်ခဲ့သည့် ပလတ်စတစ်ပါဝင်မှုတိုင်းတာတည့် သုတေသနလုပ်ငန်းကို နော်ဝေနိုင်ငံနှင့် ပူးပေါင်းသုတေသနပြုခဲ့ရာ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစ်ခုဖြစ်သည့် ဧရာဝတီမြစ်အတွင်းသို့ တစ်နှစ်လျှင် ပလတ်စတစ်တန်ချိန် ၁၁၉ တန်ခန့် ဝင်ရောက်နေကြောင်း ထုတ်ပြန်ချက်အရ သိရပါသည်။

ပင်လယ်သမုဒ္ဒရာများသည် လူသားတို့အတွက် ကြီးမားသောယဉ်ကျေးမှုဆိုင်ရာ အရေးပါရုံသာမက ကမ်းရိုးတန်းလူမှုအသိုင်းအဝိုင်းအတွက် အသက်မွေးဝမ်းကျောင်းအဖြစ်လည်း အဓိကဆောင်ရွက်ပေးပါသည်။ သမုဒ္ဒရာများအတွင်း ပလတ်စတစ်ညစ်ညမ်းမှုများသည် ဆက်လက်ကြီးထွားလာသည်နှင့်အမျှ အရေးယူဆောင်ရွက်ခြင်းမရှိပါက အဆိုပါပြဿနာများမှာ ပိုမိုကြီးထွားလာမည်ဖြစ်ပါသည်။

မိုက်ခရိုပလတ်စတစ်ကို စားမိသော ငါးများမှတစ်ဆင့် လူသားများ၏အစားအစာထဲသို့ ရောက်ရှိနိုင်ပြီး ကင်ဆာ၊ ဟော်မုန်းပြဿနာများနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သုတေသနလေ့လာချက်များက ဖော်ထုတ်တင်ပြကြလေသည်။ မိုက်ခရိုပလတ်စတစ်များသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာခြိမ်းခြောက်နေပြီး စနစ်တကျစီမံခန့်ခွဲမှုဖြင့် ဤပြဿနာများကို လျှော့ချနိုင်လေသည်။

### ပလတ်စတစ်သုံးစွဲမှုအဆုံးသတ်ရေး ပူးပေါင်းဆောင်ရွက်ပေး

ပလတ်စတစ်များသုံးစွဲမှုသည် စွမ်းအင်အလွန်အကျွံသုံးစွဲရ၍ ဖန်လုံအိမ်ဓာတ်ငွေ့တန်ချိန် ဘီလီယံပေါင်းများစွာကို ထုတ်လွှင့်စေပြီး ကမ္ဘာကြီးပူနွေးလာမှုကို အားပေးစေပါသည်။ ပလတ်စတစ်အမှိုက်များကို မီးရှို့ခြင်းသည်လည်း ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက် အစရှိသော အဆိပ်ဓာတ်ငွေ့များကို ဖြစ်ပေါ်စေပြီး လူသားများ၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။ ထို့အတူ အဆိုပါဓာတ်ငွေ့များကြောင့် မြေဆီလွှာနှင့် ရေထုကိုပါညစ်ညမ်းစေလေသည်။ ထို့ကြောင့် ပလတ်စတစ်သုံးစွဲမှုများကို လျှော့ချရန် လိုအပ်လာပြီဖြစ်ရာ အသိပညာပေးရေးလုပ်ငန်းများနှင့် ပလတ်စတစ်သုံးစွဲမှု၏ဆိုးကျိုးများကို ပြည်သူလူထုသိရှိစေရန် စည်းရုံးပညာပေးရေးလုပ်ငန်းစဉ်များကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

ပလတ်စတစ်အိတ်များ လျှော့ချနိုင်ရန်နည်းလမ်းတစ်ခုမှာ သက်ဆိုင်ရာအစိုးရများနှင့် ဒေသန္တရအာဏာပိုင်များက အခွန်စည်းကြပ်ခြင်းနှင့် အသုံးမပြုရန် ဥပဒေထုတ်ပြန်ခြင်း၊ အမှိုက်စွန့်ပစ်ရန်နေရာများသတ်မှတ်ပေး၍ စွန့်ပစ်စေပြီး စည်းကမ်းမဲ့စွန့်ပစ်ပါက ပညာပေးရေးလုပ်ငန်းစဉ်များပါသော ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ဆောင်ရွက်ခြင်းပင် ဖြစ်လေသည်။

အနောက်တိုင်းပြည်များနှင့် အချို့တိုင်းပြည်များတွင် ပြစ်ဒဏ်ကျူးလွန်သောအပြစ်သားများကို လူမှုရေးပြစ်ဒဏ်အဖြစ် အများပြည်သူနှင့်ဆိုင်ရာနေရာများတွင် အမှိုက်ကောက်စေခြင်း၊ သန့်ရှင်းစေခြင်း ပြစ်ဒဏ်များအဖြစ် နာရီ၊ မိနစ်အပိုင်းအခြားသတ်မှတ်ကာ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အတုယူလေ့လာတွေ့ရှိနိုင်ပါသည်။

ပလတ်စတစ်နှင့်သက်ဆိုင်သော ကျန်းမာရေးပြဿနာများနှင့် ပလတ်စတစ်သုံးစွဲခြင်း၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရန် အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်လှပါသည်။

ပလတ်စတစ်ကို မဖြစ်မနေအသုံးပြုရန် လိုအပ်သည့်နေရာများတွင်သာ အသုံးပြုခြင်းမှလွဲ၍ လုံးဝအသုံးမပြုရန် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အသုံးပြုပြီးသော ပလတ်စတစ်များကို 5R စနစ် ဖြစ်သော - (၁)လျှော့ချခြင်း (Reduce)၊ (၂)ပြန်လည်အသုံးပြုခြင်း (Reuse)၊ (၃)ပြန်လည်တီထွင်အသုံးပြုခြင်း (Recycle)၊ (၄) အသုံးပြုနိုင်သောနေရာသို့ ပြန်လည်ပေးပို့ခြင်း (Return)၊ (၅) အသုံးပြုရန်မလိုအပ်ပါက ငြင်းပယ်ခြင်း (Reject) စသောနည်းလမ်းငါးသွယ်ဖြင့် လိုက်ပါဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ပလတ်စတစ်အိတ်များအစား ချည်အိတ်၊ စက္ကူအိတ်များကို သုံးစွဲခြင်း၊ ပလတ်စတစ်ရေဘူးအစား ဖန်ဘူး၊ စတီးဘူးများ အသုံးပြုခြင်း၊ ပလတ်စတစ်နှင့် ထုပ်ပိုးထားသော ကုန်ပစ္စည်းများထက် သဘာဝထုပ်ပိုးမှုများကို ဦးစွာဝယ်ယူခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုများကို အဆုံးသတ်ကြရမည်ဖြစ်ပါသည်။ တစ်ဦးချင်းမှသည် လူအများဆိုပါက ပလတ်စတစ်ညစ်ညမ်းမှုလျော့နည်းသက်သာလာပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ပြန်လည်ကောင်းမွန်စေမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အေးချမ်းသာယာသောလူနေမှုဘဝကို ရရှိပိုင်ဆိုင်နိုင်ရန်မှာ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုကို အဆုံးသတ်ရန် အလွန်အရေးကြီးလှပြီး ပြည်သူအားလုံးက အတူတကွပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့နေထိုင်ရာကမ္ဘာမြေကြီး ရေရှည်တည်မြဲနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## မေတ္တာစိတ်နဲ့ အလှဆင်ပါ

❍ လူလူချင်း အမုန်းမပွား
အပြုံးများ ဝေဝေဆာ
နှစ်လိုဖွယ်ရာ၊
အမုန်း၏ အဆုံးဟာ
အပြုံးသာ ရှင်ကြည်မွေ့၊
သို့မှသာ
ဤလူ့ရွာ မေတ္တာစိတ်နဲ့
လှလိမ့်မယ်လေး။

❍ လူလူချင်းကြင်နာကြ
အစဉ်ထာဝရ ချစ်ကြပါ
ရန်ငြိမ်းစေတာ၊
ဖေးမလို့ ကူပါ
အတူသာ နွေးထွေးစို့၊
သို့မှသာ
ဤလူ့ရွာ မေတ္တာစိတ်နဲ့
လှလိမ့်မယ်ဗျို့။

❍ လူလူချင်းတူအေးစွ
ကူပေးကြ သူသူငါ
စွမ်းနိုင်ရာရာ၊
အချင်းချင်း ရိုင်းပင်းပါ
တစ်ဦးမေတ္တာ တစ်ဦးပေး၊
သို့မှသာ
ဤလူ့ရွာ မေတ္တာစိတ်နဲ့
လှလိမ့်မယ်လေး။

❍ လူလူချင်းမေတ္တာထား
ချစ်သဒ္ဓါပွား နှလုံးသားမှာ
အလှရှာပါ။
အမုန်းကင်း အကြင်နာ
မေတ္တာသာ အစဉ်အေး၊
တစ်ဦးနဲ့တစ်ဦးသာ
ဖေးကူပါ အမုန်းဝေး၊
သို့မှသာ
ဤလူ့ရွာ မေတ္တာစိတ်နဲ့
လှလိမ့်မယ်လေး။

မောင်ခ(ပညာရေး)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မကွေး ဇွန် ၇

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မကွေးမြို့ အထက(၄) ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ဌာနဆိုင်ရာများ ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ အထက (၄) ကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို စနစ်တကျ သိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား အချိုရည်၊ မုန့်စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဝေငပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# ဖဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းဆောင်ရွက်

ငဖဲ ဇွန် ၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့ပေါ် နှစ်ရပ်ကွက်၊ ကျေးရွာ၆၉ရွာနှင့် စာသင်ကျောင်း ၄၉ ကျောင်းရှိ ရေစည်ရေကန်ပေါင်း ၃၀၀၀၀ ကျော်တို့တွင် အဘိတ်ဆေး ၅၆၆ ကီလိုဂရမ်ကို ဆေးခတ် ဆောင်ရွက်ပေးသည်။



မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်၊ သွေးလွန်တုပ်ကွေး ရောဂါသည် တစ်နှစ်ပတ်လုံး ဖြစ်ပွားတတ်ပြီး ခြင်ပေါက်ပွားမှုများသော မိုးရာသီတွင် ပိုမို၍ဂရုစိုက်ရကြောင်း၊ ခြင်သက်ကြီးကောင် အဆင့် မရောက်ခင်ပိုးလောက်လမ်းအဆင့်တွင် နိုင်နင်းအောင်နှိမ်နင်းသည့်စီမံချက်ဖြစ်၍ ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးမှူး ဦးဝေလင်းအောင်က ပြောသည်။

ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)



# ညောင်လေးပင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်း

ညောင်လေးပင် ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကြောင်လျှာဖျားကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ဇွန် ၆ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် သင်ခန်းစာများကို စဉ်ဆက်မပြတ် အမြဲလေ့လာသွားပြီး တစ်နိုင်တစ်ပိုင် ထုတ်လုပ်မှုမှတစ်ဆင့် ဒေသအတွင်း ထုတ်လုပ်ရောင်းချနိုင်သည်အထိ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိနိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ ပေးအပ်ကြသည်။ အဆိုပါသင်တန်းကို ကြောင်လျှာဖျားကျေးရွာမှ သင်တန်းသူ ၂၀ တို့အား နည်းပြဆရာများက ဇွန် ၂ရက်မှ ၆ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ပိန်းဇလုပ်-သိန်းညွန့်

# တာလေမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

တာလေ ဇွန် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း/ အပြင်၌ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ၊



တပ်ရင်းတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ နာရေးကူညီမှုအသင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင် ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ နာရေးကူညီမှုအသင်းသားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆေးရုံဝင်းအတွင်း/အပြင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ပေါင်းမြက်များနှင့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ စနစ်တကျ စွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သီတာအေး(ပြန်/ဆက်)

# မြိတ်ခရိုင်အတွင်း ကျောင်းသား ကျောင်းသူ ၁၂၃၈၆၆ ဦး အေးချမ်းစွာပညာသင်ကြားလျက်ရှိ

မြိတ် ဇွန် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း၌ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်း ၄၄၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး



ကျောင်းသား ကျောင်းသူ ၁၂၃၈၆၆ ဦးတို့ အေးချမ်းစွာပညာသင်ကြားလျက်ရှိကြောင်း မြိတ်ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

မြိတ်ခရိုင်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများအပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၄၉ ကျောင်းရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဇွန် ၆ ရက်အထိ မြိတ်ခရိုင်အတွင်းရှိ မြိတ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၄၆၃၁ ဦး၊ ကျွန်းစုမြို့နယ်၌ ၃၂၇၂၂ ဦး၊ ပုလောမြို့နယ်၌ ၁၅၈၀၄ ဦးနှင့် တနင်္သာရီမြို့နယ်၌ ၁၀၇၀၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အခြေခံပညာသင်ကျောင်းများ ဖွင့်လှစ်နိုင်မှုမှာ မြိတ်မြို့နယ်တွင် ၁၅၇ ကျောင်း၊ ကျွန်းစုမြို့နယ်တွင် ၁၇၀၊ ပုလောမြို့နယ်တွင် ၇၁ ကျောင်းနှင့် တနင်္သာရီမြို့နယ်တွင် ၅၁ ကျောင်းရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၇

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့အား စိမ်းလန်းသောမြို့တော်၊ သန့်ရှင်းသော မြို့တော်တစ်ခုဖြစ်လာစေရေး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဝင်း အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး သန့်ရှင်းရေး ဆောင်ရွက်နေကြသူများအား ရင်းရင်း နီးနီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်သူများ နေ့စဉ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လွိုင်ကော်မြို့ မင်းစုရပ်ကွက် စည်သူလမ်း ဘေးဝဲယာတစ်လျှောက်တွင် လူလျှောက်ပလက်ဖောင်းအသစ် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလပြီးစီးရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် အများပြည်သူ သွားလာမှု လွယ်ကူအဆင်ပြေစေရေး၊ လမ်းဘေးဝဲယာ၌ ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက် ထေးငှားလျားကန် သန့်ရှင်းသာယာ လှပရေးနှင့် အများပြည်သူများ လာရောက်အပန်းဖြေ အနားယူနိုင်ရန်အတွက် ကန်တိမ်ကောမှုမရှိစေရေး ကန်အတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ကိုင်းပင်များ၊ အမှိုက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်တာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ထေးငှားလျားကန်များ အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ကန်နှင့် ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ လာရောက်အပန်းဖြေ အနားယူနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကျိုင်းတုံမြို့နယ် ဟွေဟိုကျေးရွာအနီးရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု ဟွေဟိုကျေးရွာအနီးရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က ဌာနဆိုင်ရာတာဝန်ရှိသူများအတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် မိုင်းခွန်ကျေးရွာအုပ်စုရှိ နမ့်ဝုတ်(၁)၊ နမ့်ဝုတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ နမ့်ဝုတ်ချောင်းမှ ရေရရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုနှင့် ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အား ပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပို့လွှတ်ပေးနေမှုလုပ်ငန်း လည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်**

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -


မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း


မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း


မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း


ထီးရွက်အောက်ပါးဟက်များဖြူခြင်း


မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း


အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ


# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့်ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက် အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန



# ဝါးခယ်မမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

ဝါးခယ်မ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာအုပ်စု တောင်သူ ဦးတင်စိန်၏ လယ်မြေ နှစ်ဧကပေါ်တွင် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချစိုက်ပျိုးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်က ကျေးရွာရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ ပြည်တွင်းစားရေရိက္ခာပြည့်စုံဖူလုံရေးနှင့် ပြည်ပတင်ပို့မှုတို့အတွက် လျာထားချက်ပြည့်မီကျော်လွန်စေရန် ပန်းတိုင်အထွက်နှုန်း စပါးတင်း ၁၀၀ နှင့်အထက်ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး မျိုးစေ့ချကိရိယာဖြင့် မိုးစပါးမျိုးစေ့ချ သရုပ်ပြခြင်းကို ကြည့်ရှုအားပေးကြသည်။

မျိုးစေ့ချကိရိယာကို အသုံးပြုခြင်းဖြင့် မျိုးစေ့နှုန်းသက်သာစေခြင်း၊ ရေလိုအပ်မှုနည်းခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ဖျန်းရာတွင် လွယ်ကူခြင်းနှင့် အပင်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ လွယ်ကူစေ၍ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းများကောင်းမွန်ကာ ဈေးကွက်ရရှိပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့်အတွက် တောင်သူများ၏ တစ်ဦးချင်းဝင်ငွေများတိုးပွားလာကာ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြောင်းမြမြို့နယ် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြောင်းမြ ဇွန် ၇

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့၌ မြို့ရွာသန့်ရှင်းသာယာလှပစေရေးနှင့် ရောဂါပိုးမွှား ကင်းစင်စေရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေးကို ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ရပ်ကွက်ကျေးရွာများ၌ ပြည်သူများ၊ ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်သည်။



အဆိုပါစုပေါင်းသန့်ရှင်းရေးကို ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများစုပေါင်း၍ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ စာသင်ကျောင်းများ၊ ဘုရားကျောင်းကန် စေတီပုထိုးများ၊ ဘုန်းကြီးကျောင်း၊ ဆေးရုံ အထင်ကရနေရာများ၊ လမ်းဆုံများ၊ လမ်းဘေး သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး စည်ပင်သာယာရေးအဖွဲ့များက အမှိုက်သိမ်းကားများဖြင့် အမှိုက်များသယ်ယူ၍ စနစ်တကျ စွန့်ပစ်ကြကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

# ဘိုကလေးမြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးစိုက်ပျိုးရန် လုပ်ငန်းများစတင်ဆောင်ရွက်

ဘိုကလေး ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မေလကုန်နှင့် ဇွန်လပထမပတ်တို့တွင် မိုးများရွာသွန်းမှုကြောင့် လယ်မြေများတွင် ရေများရရှိ၍ ဒေသခံတောင်သူများက မိုးစပါးများစိုက်ပျိုးရန် လုပ်ငန်းများ စတင်လုပ်ကိုင်ကြသည်။

မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည့်အတွက် ဘိုကလေးမြို့နယ်ရှိ တောင်သူများအနေဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြရာ မိုးစပါးနှင့် နွေစပါးကို အားထားစိုက်ပျိုးကြသည်။ စိုက်ပျိုးရာသီကာလတွင် စပါးမျိုးကို အချို့တောင်သူများက ကိုယ်ပိုင်မျိုးစေ့ဖြင့် စိုက်ပျိုးကြပြီး အချို့တောင်သူများက ကာလပေါက်ဈေးပေးကာ ဝယ်ယူစိုက်ပျိုးကြကြောင်း သိရသည်။

"ကျွန်တော်တို့ မိုးစပါးစိုက်ပျိုးနိုင်ရန် လယ်မြေများကို စတင်ထွန်ယက်ကြရာမှာ ကိုယ်ပိုင်ထွန်စက်နှင့် ထွန်ယက်ကြသူများရှိသလို ငှားရမ်းထွန်ယက်သူများလည်း ရှိပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။



ဘိုကလေးမြို့နယ်အတွင်းရှိ တောင်သူများသည် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသည့်အတွက် နိုင်ငံတော်၏ ပြည်တွင်း စားသုံးဆန်ဖူလုံရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ဒေသခံတောင်သူများအနေဖြင့် သွင်းအားစုစရိတ်များကြီးမြင့်သော်လည်း မိုးလေဝသကောင်းမွန်၍ အလေအလွင့်ဆုံးရှုံးမှုနည်းကာ သီးနှံအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ရရှိအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

အောင်အောင်(ဇေယျာမြေ)

# မင်းဘူး(စကု)မြို့နယ်၌ မိုးစပါး ဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

မင်းဘူး ဇွန် ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧက ၄၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆည်ရေသောက် ဧရိယာနှင့် မိုးကောင်းသောက် ဧရိယာများတွင် ရေရရှိရေးနည်းလမ်း ခြောက်ခုဖြင့် မိုးစပါးကို ကြဲပက်စိုက်ခင်း(အစို/အခြောက်)၊ တိုက်ရိုက်စိုက်(အစို/အခြောက်)၊ SRI၊ Seeder၊ ပေါင်ဆွဲစိုက်ခြင်း၊ ပျိုးထောင်စိုက်ခြင်း နည်းလမ်းများဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေး၊ စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့အတွက် ရောမင်း ၂၆၀၄၂ ဧက၊ မနောသုခ ၉၀၄၅ ဧက၊ ဆင်းသုခ ၅၃၅၈ ဧက၊ ရတနာတိုး ဧက ၂၅၀၊ ဆာဖိုးသာ ၁၀၉ ဧက၊ အောင်နိုင်တိုး ၁၀၃ ဧက၊ ရက် ၉၀ ၄၆ ဧကနှင့် GW-11 ၃၆ ဧက စုစုပေါင်း ၄၀၉၈၈ ဧကကို စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ဆက်လက်၍ တောင်သူများအား မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးခြင်း၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက်များ ဖော်ဆောင်ပေးကာ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် ဓာတ်မြေဩဇာများ အချိုးကျ အချိန်ကိုက်ထည့်သွင်းနိုင်ရန် သက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့သရုပ်ပြပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့် တွေ့ဆုံ၍ တာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက် တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက် ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကထက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကိုဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
"ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။"
ကျန်းမာရေးနဲ့
ညီညွတ်တဲ့
အိမ်သာ
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
လုပ်ငန်းခွင်နှင့်
ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့မှ
ပူးပေါင်းထုတ်ဝေသည်။
အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။
အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။
အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။
ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။
အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။
အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။
ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။
လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)
၂၀၂၅ခုနှစ်၊ မေလ

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းလျက်ရှိ

ညောင်ရွှေ ဇွန် ၇

မန္တလေးမြေငလျင်ကြီးကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံတို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားဖူးလာ ပြည်တွင်းပြည်ပ ဧည့်သည်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့က စံကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီပိတ်ထားခဲ့သည်။

ယခုအခါ ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများ၊ ခေတ်မီစက်ယန္တရားကြီးများဖြင့် ဘုရားကုန်းတော်မြေ ကြွခိုင်မှုကောင်းမွန်စေရေးအတွက် Sheet Pile ရိုက်ခြင်းလုပ်ငန်း၊ ပင်မစံကျောင်းတော်ကြီး ပိုမိုတောင့်တင်းခိုင်မာမှုရှိစေရန်အတွက် တိုင်များ ထပ်ပိုးကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်း၊ ကျောင်းတော်ပေါ်သို့တက်ရောက်သည့် လှေကားကြီးများပြင်ဆင်ခြင်း၊ ရင်ပြင်တော်ကျောက်ပြားခင်းခြင်းလုပ်ငန်းများနှင့် အခြားပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ၊ ပစ္စည်းများ ထည့်ဝင်လှူဒါန်း ကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၃၁၉၂၇၈၀၀၀ ရရှိပြီဖြစ်ကြောင်းနှင့် ဘုရားဖူးလာ ပြည်သူများ အမြန်ဆုံးပြန်လည်ဖူးမြော်နိုင်ရေး ယခုနှစ် သီတင်းကျွတ်ဘုရားပွဲတော်ကာလအမီ ထိခိုက်ပျက်စီးသွားသည့် စံကျောင်းတော်အစိတ်အပိုင်းများကို အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ



## ဓနုဖြူမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေး အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ



ဓနုဖြူ ဇွန် ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကော်မတီအဖွဲ့ဝင်များက အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၇)ရပ်ကွက် ရတနာသီရိလမ်းနှင့် မဟာဗောဓိလမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

ဓနုဖြူမြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်အတွက် အိမ်ထောင်စုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့သည်။ ဒေသခံပြည်သူများ အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်ဥ၊ ဘဲဥများကို ခြံဈေးဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်စေရေးအတွက် ခရိုင်အတွင်းရှိ ခြံလုပ်ငန်းရှင်များနှင့် ညှိနှိုင်းကာ အပတ်စဉ် သတ်မှတ်ရက်များအတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ကော့မှူးမြို့နယ်၌ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်များငှားရမ်းပေး

ကော့မှူး ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာအုပ်စာစောင်များကို လက်ဝယ်အရောက်ဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် အခြေခံပညာမူလတန်းလွန်ကျောင်း(လက်ခိုက်)သို့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တွင် စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် သုတ/ ရသစာအုပ်မျိုးစုံ၂၀၀၀ကျော်ပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များကို အလွယ်တကူဖတ်ရှုနိုင်စေရန်အတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်/ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်းသိရသည်။

ကျော်သူရ (ပြန်/ဆက်)



## ကန့်ဘလူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ကန့်ဘလူ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားနှင့် ရောင်စုံပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၅ ရက်နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင် ပျဉ်းကတိုး၊ စိန်ပန်းနှင့် ခရေပင်တို့ကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ခရိုင် စုပေါင်းရုံးဝင်းအတွင်း၌ စိုက်ပျိုးပေးသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးညီညီစိုးက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံနှင့် ရောင်စုံပန်းချီပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ရောင်စုံပန်းချီပြိုင်ပွဲ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ခရိုင်တာဝန်ခံတို့က ဆုများချီးမြှင့်ပေးအပ်ပြီး ဆုရရှိသူများကိုယ်စား အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသော မခင်ထက်တုဟန်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## ပန်းတောင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ပန်းတောင်း ဇွန် ၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လဝကမှူး ဦးဌေးကျော်ဦးနှင့်ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ဥသျှစ်မြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြည်သူများအား ပြည်တော်သာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လဝကမှူး ဦးဌေးကျော်ဦး၊ လက်ထောက်လဝကမှူး ဦးကျော်သီဟစိုးနှင့် လက်ထောက်လဝကမှူး ဦးကျော်သန်းထွန်းတို့က ဥသျှစ်ပင်မြို့အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် ရပ်ကွက်နေပြည်သူများအား လိုအပ်သောသက်သေခံအထောက်အထားများနှင့် စာရွက်စာတမ်းများစိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးသည့်အပြင် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် ရွှေ့ပြောင်းနေထိုင်သူများကိုလည်း ကော်မတီဖြင့်စိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# ONE Friday Fights 112 ပြိုင်ပွဲတွင် မြန်မာဖိုက်တာသုံးဦး တွဲဆိုင်းပါဝင်မည်

ရန်ကုန်  ဇွန်  ၇

ဇွန် ၁၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fights 112 ပြိုင်ပွဲတွင် မြန်မာဖိုက်တာသုံးဦး၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

ONE Friday Fights 112 ပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် သွေးလင်းထက်၊ မိုးထက်အောင်နှင့် စောမင်းမင်းတို့၏ တွဲဆိုင်းပါဝင်မည်ဖြစ်ပြီး သွေးလင်းထက်က Co-Main Event ထိုးသတ်ရမည်ဖြစ်ကာ စောမင်းမင်းမှာမူ ပထမဆုံးပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ သွေးလင်းထက်သည် ထိုင်းဖိုက်တာ ခရစ်ပတ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ငါးပွဲထိုးသတ်ရာတွင် သုံးပွဲအနိုင်ရထားသည့် ဖိုက်တာတစ်ဦးဖြစ်သည်။ သွေးလင်းထက်သည် ONE နှင့် လေးပွဲထိုးသတ်ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး ယခုနှစ်အတွင်း ထိုးသတ်သည့် နှစ်ပွဲစလုံး အနိုင်ရထားသည်။

မိုးထက်အောင်မှာမူ မြန်မာဖိုက်တာ ဆွန်ရက်ကို အမှတ်ဖြင့် အနိုင်ရထားသည့် ထိုင်းဖိုက်တာ ခွန်ပွန်နို့င်နှင့် ထိုးသတ်ရမည်ဖြစ်သည်။ မိုးထက်အောင်သည် ONE နှင့် လေးပွဲမြောက် ထိုးသတ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်သုံးပွဲတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ ထိုင်းဖိုက်တာ ခွန်ပွန်နို့င်မှာမူ ONE နှင့် ခုနစ်ပွဲထိုးသတ်ထားရာ ငါးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးပွဲတွင် မြန်မာဖိုက်တာ ဆွန်ရက်ကို အမှတ်ဖြင့် အနိုင်ရထားသည်။ စောမင်းမင်းမှာမူ ပထမဆုံးပွဲအဖြစ် ဩစတြေးလျဖိုက်တာ ဂျော့ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

သတင်း-ထွဏ်းသွေးအိမ်
ဓာတ်ပုံ-ONE Championship



မြန်မာဖိုက်တာ သွေးလင်းထက်

❑ ဂျိုကိုဗစ်ကိုမှ

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အခြားသော အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာတော့ လက်ရှိ ပြင်သစ် အိုးပင်းတင်းနစ်ချန်ပီယံ ကားလို့ အယ်လ်ကာရက်ဇ်က လော်ရန်ဇိုမူဆက်တီကို အနိုင်ရရှိခဲ့တာကြောင့် ဗိုလ်လုပွဲ တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ကားလို့အယ်လ်ကာရက်ဇ်ဟာ မူဆက်တီကို ၄-၆၊ ၇-၆(၇-၃)၊ ၆-၀၊ ၂-၀ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ယခုတင်းနစ်ရာသီမှာ မူဆက်တီနဲ့ဆုံတွေ့ခဲ့တဲ့ သုံးပွဲစလုံး အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် အယ်လ်ကာရက်ဇ်အနေနဲ့ ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို နှစ်နှစ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဂျန်နစ်ဆင်းနားနဲ့ ကားလို့အယ်လ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားမယ့် ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဇွန် ၈ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်း ဖြစ်ပါတယ်။

ငွေကြယ်

❍ ကျောဖုံးမှ

မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ ဇွန် ၆ ရက်တွင် ရောက်ရှိခဲ့ပြီး ဇွန် ၇ ရက်ကတည်းက လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ကစားသမား ၂၃ ဦး ခေါ်ဆောင်သွားသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF

❖ ရန်ကုန်ယူနိုက်တက်မှ

ရန်ကုန်ယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၁၄ မိနစ်တွင် လမင်းပြည့်စုံ၊ ၄၂ မိနစ်တွင် မောင်တော့ဝ်၊ ၅၁ မိနစ်တွင် ဇော်ဘိုဘိုထွဋ်၊ ၅၂ မိနစ်တွင် ကောင်းခန့်ကျော်တို့ကသွင်းယူပြီး ဒဂုံစတားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၈၀ တွင် ခိုင်မြဲကျော်က သွင်းယူခဲ့သည်။ ခုနစ်ပွဲစီကစားအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၈ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ် ရရှိထားသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၁ မိနစ်တွင် စောအောင်မျိုးဦးက သွင်းယူပြီး ဇွန် ၇ ရက်ပွဲစဉ်အပြီး ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ခုနစ်ပွဲစီကစားအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၆ မှတ်၊ သစ္စာအားမာန်အသင်းက ကိုးမှတ် ရရှိထားသည်။

ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဇွန် ၈ ရက်တွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL



ရန်ကုန်ဇုန်တွင် Yangon Focus အသင်းနှင့် Golden Light United အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဇုန်သုံးခုတွင် ကျင်းပ

ရန်ကုန်  ဇွန်  ၇

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ်(၁၀)၊ တောင်ကြီးဇုန် ပွဲစဉ်(၇)၊ မန္တလေးဇုန် ပွဲစဉ် (၇) ပထမနေ့ကို ဇွန် ၇ ရက်က ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ဆက်လက်ကျင်းပသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ် (၁၀) ပထမနေ့တွင် Yangon Focus အသင်းက Golden Light United အသင်းကို ခြောက်ဂိုးပြတ်၊ ရှိုင်ရယ်ရန်ကုန်အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ အာသာဝတီအသင်းက Southern Yangon Star အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှိုင်ရယ်ရန်ကုန်အသင်းသည် ယခုတစ်ပတ်တွင် နိုင်ပွဲပြန်ရပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့်ပွဲတွင် Middle Shan State အသင်းနှင့် Paoh New Generation အသင်းတို့ ဂိုးမရှိသရေကျပြီး မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့်ပွဲတွင် STNM အသင်းက Sparrow အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များကို ဇွန် ၈ ရက်တွင် မြို့သုံးမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅-ဒီ၊ မြေကွက်အမှတ်-၄၈-ဘီ/၂၊ ဧရိယာ(၀.၂၃၄)ဧကရှိ မြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ မြောက်ဘက်ခြမ်း၊ အကျယ်အဝန်း (၆၃ ပေ x ၅၀ ပေ)၊ (၃၁၅၀)စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၃/က)၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **ဒေါ်ခင်လေးဆွေ[၁၂/ဗဟန(နိုင်)၀၇၉၅၉၂]နှင့် ဒေါ်ခင်မြင့်ဝေ [၁၂/ဗဟန(နိုင်)၀၇၉၅၉၁]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၃၅၅/၁)၄၈၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ **ဦးဝင်းဇော်ဦး[၁၂/ဒဂရ(နိုင်)၀၀၂၁၈၂]** အမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ The Rich Villa၊ Plot No (၄၈)ဟုခေါ်တွင်သည့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူထားသူ **THE KING'S IDEA** ကုမ္ပဏီလီမိတက်က ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြသန်းနွယ်[၁၂/ရကန(နိုင်) ၀၀၂၄၅၂]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုမွန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၆)**
**[LL.B,D.B.L,D.I.L,D.I.P.L,DL-101WIPO(Switzerland)]**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆၊ ၀၉-၅၀၄၉၁၇၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၅

ဦးသန်းမြင့် } တရားလို  နှင့်  { ဦးမင်းသန်း တရားပြိုင်

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သော်ကလမ်း (နဝဒေးလမ်း)၊ အမှတ်-၃၅၅ နေ ဦးမင်းသန်း (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ **တရားလိုက ကတိပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်)** နေ့မွန်းမတည့်မီ **၁၀:၀၀** နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **စာရွက်စာတမ်းများ**နှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဒေါ်စုနှင်းလှိုင်အား ဇနီးအဖြစ်မှ စွန့်လွှတ်ပြီးကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ မော်စက်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် (၁၃၇၈) တွင် နေထိုင်သူ ဦးကောင်းမင်းထက် (၁၂/ဒလန (နိုင်) ၀၇၂၁၃၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်း၏ဇနီးဖြစ်သူ ဒေါ်စုနှင်းလှိုင်သည် ခင်ပွန်းသည်အပေါ် မယားဝတ္တရားများမကျေပွန်သည့်အပြင် စိတ်ဆင်းရဲမှုအမျိုးမျိုးပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် (၂၀-၅-၂၀၂၄) ရက်နေ့တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ထိုနေ့မှစ၍ ၎င်းအားဇနီးအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမင်းထက်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကောင်းမင်းထက်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန့်ဇင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၁၄/၂၀၁၄)
အမှတ်-တ/၅၆၄၊ မြတ်လေးလမ်း၊ ကမာကဆစ်ရပ်ကွက်၊
ဒလမြို့နယ်၊ တွံတေးခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၄၀၃၉၄၆၈၉၉

## သားအဖြစ်မှအပြီးပိုင် အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ကျွန်တော် ဦးမျိုးအေး [၅/ရဘန(နိုင်)၀၀၃၅၃၅]၏ သားဖြစ်သူ ဦးဇော်မျိုးကိုကို [၁/တနန(နိုင်)၀၀၉၃၈၃]သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်ပါသဖြင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် အခြားမည်သည့်ကိစ္စနှင့်မျှ မိသားစုနှင့် မသက်ဆိုင်တော့ကြောင်း၊ နောက်နောင် ဦးဇော်မျိုးကိုကို [၁/တနန(နိုင်)၀၀၉၃၈၃]နှင့် ပတ်သက်၍ မိသားစုမှ မည်သည့်ကိစ္စကိုမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
**ဦးမျိုးအေး**
**[၅/ရဘန(နိုင်)၀၀၃၅၃၅]**

## "ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ (၂၂) လမ်း၊ အမှတ်- ၁၇၂ (၃ လွှာ) ဒုတိယထပ် (ခေါင်းရင်းခန်း) တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း [၁၂/တမန (နိုင်) ၀၇၂၇၈၅] ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏ အရေးအခွင့်တာဝန်ပေးလွှဲအပ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးအောင်ကျော် (စဉ်- ၈၈၇၇)
LL.B
**တရားလွှတ်တော်ရှေ့နေ**

ဦးဘိုဘို (စဉ်- ၁၀၆၆၄)
B.sc (Geol), M.P.A, M.A (Business Law), H.G.P, PG.D.L, LL.B, LL.M (Civil Law), D.M.A, D.A Psy, D.A.E, D.B.L, D.M.L, D.L.L, D.I.R, DLP, (WIPO) (101,201,301,302,317,450)
**တရားလွှတ်တော်ရှေ့နေ**

ဒေါ်ခင်မျိုးကြည် (စဉ်- ၁၀၇၁၂)
LL.B, D.B.L, D.I.L, D.M.L, D.I.P.L
**တရားလွှတ်တော်ရှေ့နေ**

အမှတ်- ၄၅/စီ (ဒုတိယထပ်)၊ လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Ph: 09-5148942, 018- 201840, 018-610275

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

